ကြေးမုံ
The Mirror Daily
Established in 1957
၁၉၅၇ ပြေ ၁၆ တွင် စတင်တည်ထောင်သည်။

## မိမိကိုယ်သာ ကိုးကွယ်ရာ

မိမိသာလျှင် မိမိ၏ကိုးကွယ်ရာဖြစ်၏၊ မိမိသည်သာလျှင် မိမိ၏(နောင်ဘဝအတွက်)သွားရာ (မှီခိုရာ) ဖြစ်၏။ ထို့ကြောင့် မြင်းကုန်သည်သည် အမျိုးကောင်းသော မြင်းကို ကောင်းစွာစောင့်ရှောက်သကဲ့သို့ မိမိကိုယ်ကို (အကုသိုလ်ကင်းအောင်) စောင့်ရှောက်လော့။

ဘိက္ခုဝဂ်( ဓမ္မပဒ-၃၈၀)

၁၃၈၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၁ ရက်၊ အင်္ဂါနေ့။ Tuesday, 13 January 2026 ၁၂၀၆၁

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries)ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ လုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## ပြည်ပထွက်ခွာခွင့်နှင့် ပတ်သက်၍ အသိပေးကြေညာချက်

၁။ PJ နိုင်ငံကူးလက်မှတ်ဖြင့် ပြည်ပသို့ထွက်ခွာမည့် မိမိအစီအစဉ် ကျွမ်းကျင်မြန်မာလုပ်သားများအား အသိပေးခြင်းကြေညာချက်ကို ၂၈-၃-၂၀၂၅ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် လည်းကောင်း၊ အေဂျင်စီအစီအစဉ်ဖြင့် ဖြစ်စေ၊ မိမိအစီအစဉ်ဖြင့်ဖြစ်စေ နိုင်ငံအလိုက်စေလွှတ်ရေး လုပ်ငန်းစဉ် SOP များကို ၂၂-၃-၂၀၂၅ ရက်နေ့မှ ၂၈-၃-၂၀၂၅ ရက်နေ့အထိ နိုင်ငံပိုင်သတင်းစာများတွင် လည်းကောင်း၊ ဝန်ကြီးဌာန၏ Facebook Page၊ Safe Migration Facebook Page နှင့် Safe Migration Telegram Channel တို့တွင်လည်းကောင်း အများပြည်သူများ သိရှိလိုက်နာဆောင်ရွက်နိုင်ရေး အသိပေးကြေညာချက်တွင် ပြည်ပထွက်ခွာခွင့်နှင့်ပတ်သက်၍ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ အနည်းဆုံး ရုံးပိတ်ရက်(မပါ) ၅ ရက်ကြိုတင်၍ လျှောက်ထားရမည်ဖြစ်ကြောင်း ဖော်ပြခဲ့ပြီးဖြစ်ပါသည်။

၂။ ၎င်းကြေညာချက်နှင့်အညီ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနအနေဖြင့် အေဂျင်စီအစီအစဉ်ဖြင့်ဖြစ်စေ၊ မိမိအစီအစဉ်ဖြင့် ကျွမ်းကျင်/ခွင့်ပြန်ဖြင့်ဖြစ်စေ OWIC ပြုလုပ်ခွင့်များနှင့် ပြည်ပထွက်ခွာခွင့်များကို စိစစ်ခွင့်ပြုပေးလျက်ရှိပါသည်။

၃။ သို့ရာတွင် အပြည်ပြည်ဆိုင်ရာလေဆိပ်များမှ ပေးပို့လာသည့် စာရင်းများအရ မိမိအစီအစဉ်ဖြင့် ခွင့်ပြန် OWIC လက်ဝယ်ရှိပြီးသူများသည် အပိုဒ် ၁ ပါ အချက်များကို လိုက်နာခြင်းမရှိသည့်အပြင် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ တင်ပြခြင်းမရှိဘဲ ပြည်ပသို့ ထွက်ခွာနေကြောင်း စိစစ်တွေ့ရှိရပါသည်။

၄။ ပြည်ပထွက်ခွာခွင့်များနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ဝန်ကြီးဌာန၏ Website ဖြစ်သည့် www.mol.gov.mm၊ Safe Migration Facebook Page နှင့် Safe Migration Telegram Channel တို့တွင် ကြေညာထားရှိပြီးဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ OWIC လက်ဝယ်ကိုင်ဆောင်ထားသူများအနေဖြင့် ပြည်ပနိုင်ငံများသို့ ထွက်ခွာမည်ဆိုပါက ၁၄-၁-၂၀၂၆ ရက်နေ့မှစတင်၍ သတ်မှတ်စည်းကမ်းများနှင့်အညီ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ ခွင့်ပြုချက်ရယူပြီးမှသာ ပြည်ပသို့ ပြန်လည်ထွက်ခွာရန်လိုအပ်ကြောင်း ထပ်မံအသိပေးကြေညာအပ်ပါသည်။

အလုပ်သမားဝန်ကြီးဌာန



ရန်ကုန်တိုင်းဒေသကြီး၌ မျိုးစေ့ချကိရိယာဖြင့် နွေစပါးစိုက်ပျိုးနေမှုကို တွေ့ရစဉ်။

# ရန်ကုန်တိုင်းဒေသကြီးအတွင်း နွေစပါး ဧက ၈၀၀၀၀ ကျော် စိုက်ပျိုးပြီးဖြစ်

ရန်ကုန် ဇန်နဝါရီ ၁၂

ရန်ကုန်တိုင်းဒေသကြီးအတွင်း နွေစပါးဧက ၂၅၆၈၉၁ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁ ရက်အထိ နွေစပါး ဧက ၈၀၀၀၀ ကျော် စိုက်ပျိုးပြီးဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တိုင်းဒေသကြီးအတွင်း လျာထားဧက ရောက်ရှိသည်အထိ နွေစပါးများကို စိုက်ပျိုးသွားမည်ဖြစ်ပြီး စပါးစိုက်တောင်သူများသည် အထွက်ကောင်းမျိုးများဖြစ်သော ဆင်းသုခ၊ သီးထပ်ရင်၊ ရက် ၉၀၊ အောင်နိုင်တိုး၊ GW-11၊ စူပါနံ့ကောက်၊ မော်ဘီ-၃၊ ဆာဖိုးသာ (ဗီယက်နမ်မျိုး)နှင့် ကောက်ညှင်း စသည့် မျိုးကောင်းစပါးများကို စိုက်ပျိုးလျက်ရှိကာ ရက် ၉၀ နွေစပါးကို အများဆုံးစိုက်ပျိုးကြကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် ခရိုင် ကိုးခုရှိပြီး အလုံခရိုင်မှလွဲ၍ အခြားခရိုင် ရှစ်ခုရှိ မြို့နယ်များတွင် နွေစပါးများ စိုက်ပျိုးကြကာ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက တောင်သူများအား မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ စိုက်ပျိုးနည်းစနစ် အပင်ပြုစုခြင်း၊ ဘက်စုံပိုးမွှားကာကွယ်နှိမ်နင်းခြင်းနှင့် ရိတ်သိမ်းချိန်လွန် နည်းပညာပေးလုပ်ငန်းများကို ရာသီအလိုက်၊ သီးနှံအလိုက်ပညာပေးလုပ်ငန်းများအပါအဝင် ပန်းတိုင်အထွက်နှုန်းရရှိရေးလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် တောင်သူများအတွက် တစ်ဧက အထွက်နှုန်းတိုးတက်စေရန်နှင့် ပန်းတိုင်အထွက်နှုန်းရရှိစေရန် အသိပညာပေးလုပ်ငန်းများအပြင် မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးပြသခြင်း၊ စံကွက်ရိတ်သိမ်းခြင်းနှင့် ထောက်ပံ့မှုများ ပေးအပ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပြီး တောင်သူများအတွက် လိုအပ်သည့် စိုက်ပျိုးရေးသွင်းအားစု ယူရီးယားဓာတ်မြေဩဇာ ၄၈၄၈ တန်ကို နွေစပါးနှင့် ဆီထွက်သီးနှံများ စိုက်ပျိုးထုတ်လုပ်မှုအတွက် ဖြန့်ဖြူးဆောင်ရွက်ထားကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ယမန်နှစ်နွေစပါးရာသီက လျာထားဧက ကျော်လွန်စိုက်ပျိုးနိုင်ခဲ့ကာ ယခုနှစ် နွေစပါးရာသီ၌လည်း လျာထားဧက ကျော်လွန်စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ညိမ်းသူ(သတင်းစဉ်)၊ ဓာတ်ပုံ - ကနူး**

## ယနေ့ ဖတ်စရာ

**အခြေခံပညာ မူလတန်း၊ အလယ်တန်း၊ အထက်တန်း မအောင်မြင်သေးသူများအတွက် အလုပ်အကိုင်ရရှိရေး အထောက်အကူပြု ကျွမ်းကျင်မှု အတတ်ပညာသင်တန်းများ ဖွင့်လှစ်နိုင်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ**

စာမျက်နှာ » ၃

-----------------------

**BBC သတင်းဌာနနှင့် ဂမ်ဘီယာ ရှေ့နေအဖွဲ့မှ ဦးဆောင်ရှေ့နေ Mr. Arsalan Suleman တို့၏ အင်တာဗျူးအား တုံ့ပြန်ချက်**

ဆောင်းပါး
စာမျက်နှာ » ၄

-----------------------

**ပူးပေါင်းပါဝင်ရမည့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး**

ဆောင်းပါး
စာမျက်နှာ » ၆

ကြေးမုံ

# အွန်လိုင်းလိမ်လည်လောင်းကစားမှုနှင့် ဒုစရိုက်မှုများတိုက်ဖျက်ရှင်းလင်း

အနုသယကိလေသာ အားကြီးသော လူ့ဘောင်လောက၌ အကုသိုလ်ဒုစရိုက် မကောင်းမှုတို့သည် အလွယ်တကူ ဖြစ်ပေါ်လေ့ရှိသည်။ မကောင်းသောအသက်မွေးမှုသည် ငွေကြေးဥစ္စာတို့ကို အလွယ်တကူရရှိနိုင်သဖြင့် မကောင်းမှုဘက်သို့ ကိုင်းညွတ်ကြသည်။ မကောင်းမှုဒုစရိုက်များ အားကောင်းသည့်အခါ လောကလူသားများ ထိခိုက်ပျက်စီးခြင်းများဖြစ်ရသည်။ ထို့ကြောင့် အများပြည်သူ အကျိုးစီးပွားကိုရှေးရှု၍ မကောင်းမှုဒုစရိုက်များ အားကောင်းလာခြင်းမရှိအောင်၊ အမြစ်ပြတ်အောင် အစိုးရအဆက်ဆက်တို့က အစဉ်အဆက် ပြင်းပြင်းထန်ထန် နှိမ်နင်းခဲ့ကြသည်။

မျက်မှောက်ကာလတွင် မကောင်းမှုဒုစရိုက်အမှုများဖြစ်သည့် မူးယစ်ဆေးဝါး၊ အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားနှင့် အကြမ်းဖက်မှုများ အားကောင်းလာသည်ကို တွေ့ရသည်။ ဖြစ်ပေါ်ခဲ့သည့် နိုင်ငံရေးအခြေအနေနှင့် ပထဝီနိုင်ငံရေး အကြောင်းများအရ အဆိုပါမကောင်းမှုတို့ ပိုမိုဖြစ်ပေါ်လာသည်ဟု ဆိုနိုင်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် မည်သို့သော အခြေအနေအခက်အခဲရှိသည်ဖြစ်စေ နိုင်ငံတော်နှင့် အများပြည်သူတို့၏ အကျိုးစီးပွားကိုရှေးရှု၍ အဆိုပါမကောင်းမှုများ၊ ဒုစရိုက်မှုများကို ထိရောက်စွာ အဆက်မပြတ် နှိမ်နင်းလျက်ရှိသည်။ တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် ထိရောက်စွာ နှိမ်နင်းနိုင်ရန်အတွက် နိုင်ငံတော်နှင့်အတူ ပြည်သူများကလည်း ပူးပေါင်းလက်တွဲ ဆောင်ရွက်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို ကုလသမဂ္ဂအပါအဝင် အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ မဲခေါင်ဒေသတွင်းနိုင်ငံများ၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများ၊ နိုင်ငံတကာ မူးယစ်ဆေးဝါး ထိန်းချုပ်ရေးဆိုင်ရာအဖွဲ့အစည်းများနှင့် ပိုမိုတိုးမြှင့်တိုက်ဖျက်လျက်ရှိသည်။ ထို့အပြင် ဘိန်းခင်းများအား ဖျက်ဆီးခြင်း၊ မူးယစ်ဆေးဝါးထုတ်လုပ်နိုင်သည့် နေရာများနှင့် သယ်ဆောင်ရောင်းဝယ်ဖောက်ကားမှုများကို ရှာဖွေဖော်ထုတ်ဖမ်းဆီး အရေးယူဆောင်ရွက်ခြင်း၊ ကျောင်းသား ကျောင်းသူများနှင့် လူငယ်လူရွယ်များအား မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ အသိပညာပေးခြင်း စသည့်လုပ်ငန်းများကို ပြည်သူများနှင့် ပူးပေါင်းလက်တွဲ၍ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။

အလားတူ ကမ္ဘာ့ပြည်သူများအား လိမ်လည်လှည့်ဖြားဖျက်ဆီးလျက်ရှိသည့် အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများမှာ နိုင်ငံအများတွင် ဖြစ်ပေါ်လျက်ရှိရာ နိုင်ငံအစိုးရများက ရှာဖွေတိုက်ဖျက်နှိမ်နင်းလျက်ရှိသည်။ မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူပြီး မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်စေရန် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ အဆိုပါဒုစရိုက်မှုနှိမ်နင်းရေးလုပ်ငန်းများကို တက်တက်ကြွကြွ အရှိန်အဟုန်မြှင့် တိုက်ဖျက်နှိမ်နင်းလျက်ရှိသည်။ မြန်မာနိုင်ငံတွင် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးဖြစ်သည့် ကရင်ပြည်နယ် မြဝတီနယ်မြေရှိ ဒုစရိုက်အဆောက်အအုံများကို အမြစ်ပါမကျန်ဖြိုချရှင်းလင်းနေသည်ကို တွေ့နိုင်သည်။

အဆိုပါဒေသ၌ ဒုစရိုက်မှုများကို ထိထိရောက်ရောက် နှိမ်နင်းနေသည့် အချိန်တွင် ယခုနှစ် ဖေဖော်ဝါရီလက ရှမ်းပြည်နယ်(မြောက်ပိုင်း)မိုင်းရယ်မြို့နယ် အတွင်း၌လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)ကျေးသီးမြို့နယ် မိုင်းနောင်မြို့ အနီး၌လည်းကောင်း၊ နိုဝင်ဘာလတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)ကျောက်မဲမြို့နယ် အတွင်း၌လည်းကောင်း၊ ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၈ ရက်နှင့် ၉ ရက်တို့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်အတွင်း၌လည်းကောင်း အွန်လိုင်းလိမ်လည် လောင်းကစားမှုလုပ်ငန်းများ လုပ်ကိုင်နေသည့် ပြည်ပနိုင်ငံသားများနှင့် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လက်နက်ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။ ရှမ်းပြည်နယ်အတွင်းရှိ တောတောင်လျှိုမြောင်များတွင် ခိုအောင်း၍ အဆိုပါမကောင်းမှုဒုစရိုက်မှုများကို သောင်းကျန်းသူလက်နက်ကိုင်အဖွဲ့များ ပါဝင်ပတ်သက်မှုဖြင့် နိုင်ငံ့နယ်နိမိတ်အတွင်း ကျူးလွန်လုပ်ကိုင်နေမှုများကို တပ်မတော်နှင့် လုံခြုံရေးတပ်ဖွဲ့များက စွန့်စွန့်စားစား ရှင်းလင်းဖယ်ရှား နှိမ်နင်းလျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရနှင့် တပ်မတော်အနေဖြင့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေဒေသများလုံခြုံရေးအတွက် တစ်နိုင်ငံလုံးလွှမ်းခြုံ၍ စွန့်လွှတ်စွန့်စား ဆောင်ရွက်လျက်ရှိရာတွင် အကြမ်းဖက်သောင်းကျန်းသူများအား ရှင်းလင်းချေမှုန်းလျက်ရှိသလို နိုင်ငံတော်၊ ပြည်သူနှင့် ကမ္ဘာတစ်ဝန်းလုံးကို ခြိမ်းခြောက်လျက်ရှိသည့် မူးယစ်ဆေးဝါးထုတ်လုပ်ရောင်းဝယ်ဖောက်ကားမှုများ၊ အွန်လိုင်းလိမ်လည်မှုများနှင့် အွန်လိုင်းလောင်းကစားမှုများကိုပါ အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ထိထိရောက်ရောက် ရှာဖွေဖော်ထုတ် တိုက်ဖျက်နှိမ်နင်းလျက်ရှိရာ နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်အတူ ပြည်သူတစ်ရပ်လုံးကလည်း ပူးပေါင်းလက်တွဲ ပါဝင်တိုက်ဖျက်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## ၂၀၂၆ ခုနှစ်၊ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

၁။ နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

၂။ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်တို့နှင့်အတူ တိုင်းရင်းသားလူမျိုးများအားလုံး လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

၃။ နိုင်ငံတော်အတွင်းတရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ထွန်းကားလျက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ထာဝရငြိမ်းချမ်းရေး တည်ဆောက်နိုင်ရန်အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

၄။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ ယုံကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်ရေး။

၅။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းဖော်ဆောင်ရေး။

## မြန်မာနိုင်ငံပြန်တမ်း

**အမြဲတမ်းအတွင်းဝန် / ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်း**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် အလုပ်သမားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်းအား အမြဲတမ်းအတွင်းဝန်/ ညွှန်ကြားရေးမှူးချုပ်တာဝန်များကို ထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် ဇန်နဝါရီ ၁၂**

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသောလုံခြုံရေး၊တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ **“ပြည်သူ့ကြားကပြည်သူ့စကား”** အစီအစဉ်မှ **“အကြမ်းဖက်လုပ်ရပ်၊ အဖွဲ့အစည်းများကိုကျောခိုင်းကာ နှစ်သစ်ကို စည်းလုံးပျော်ရွှင်စွာဖြတ်သန်းနေကြသော ပြည်သူများ၏ ငြိမ်းချမ်းသော အနာဂတ်ခရီး”** ခေါင်းစဉ်ဖြင့် ဇန်နဝါရီ ၁၄ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။ လာမည့်အပတ် ဇန်နဝါရီ ၂၁ ရက် မွန်းလွဲ ၁ နာရီတွင် **“အခုချိန်ထိလုပ်နေတာတွေက ဘယ်သူ့အတွက်လဲ မစဉ်းစားနိုင်သေးတဲ့ အကြမ်းဖက် PDF တွေရဲ့ တောကျွဲအင်း တိုက်ခိုက်မှုကြောင့် ပြည်သူတွေဒုက္ခထပ်ရောက်နေရ”** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်သည်။ အထက်ပါ အစီအစဉ်ကို အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉ ၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**သတင်းစဉ်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၂ - ၁ - ၂၀၂၆

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၅၀၀ | ၈,၅၀၀ | ၄၉ | ၄၁၆,၅၀၀ |
| MTSH | ၃,၈၀၀ | ၃,၈၀၀ | ၁၅၅ | ၅၈၉,၀၀၀ |
| MCB | ၇,၅၀၀ | ၇,၆၀၀ | ၁၈၀ | ၁,၃၆၆,၀၀၀ |
| FPB | ၂,၆၅၀ | ၂,၆၅၀ | ၄၈ | ၁၂၇,၂၀၀ |
| TMH | ၃,၂၀၀ | ၃,၂၅၀ | ၇ | ၂၂,၆၅၀ |
| EFR | ၁,၆၅၀ | ၁,၆၅၀ | ၃,၆၆၀ | ၅,၉၆၄,၀၀၀ |
| AMATA | ၄,၃၀၀ | ၃,၈၀၀ | ၃၀ | ၁၂၄,၃၀၀ |
| MAEX | ၃,၁၅၀ | ၃,၂၀၀ | ၅၈ | ၁၈၃,၃၅၀ |
| MADPL(PLB) | ၂,၇၀၀ | ၂,၆၀၀ | ၈,၁၆၇ | ၂၁,၅၀၉,၉၅၀ |
| ASPGB(PLB) | ၄၇,၀၀၀ | ၄၅,၀၀၀ | ၆၈ | ၃,၁၂၆,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** - ဝင်းနိုင် | | **အကြီးတန်း သတင်းထောက်များ** | - စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန် |
| **ခေတ္တ စာတည်းမှူး** - အေဝမ်းစိုး | | **အငယ်တန်း သတင်းထောက်များ** | - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ |
| **စာတည်းများ** - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည် | | **သုတေသန** | - ဇင်မာဝင့် |
| | | **စာပြင်** | - ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန်** - အောင်ကျော်ကျော်၊ စိုးသူရ | | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - နီလာစိုးနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - စိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com

https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅

ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂

မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# အခြေခံပညာ မူလတန်း၊ အလယ်တန်း၊ အထက်တန်း မအောင်မြင်သေးသူများအတွက် အလုပ်အကိုင်ရရှိရေး အထောက်အကူပြုကျွမ်းကျင်မှုအတတ်ပညာသင်တန်းများ ဖွင့်လှစ်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၁၂**

အခြေခံပညာ မူလတန်း၊ အလယ်တန်း၊ အထက်တန်း မအောင်မြင်သေးသူများအတွက် အလုပ်အကိုင်ရရှိရေး အထောက်အကူပြု ကျွမ်းကျင်မှုအတတ်ပညာသင်တန်းများ ဖွင့်လှစ်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်၊ ဆက်စပ်ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ Naypyitaw State Academy ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အထွေထွေအတွင်းရေးမှူးချုပ်က အွန်လိုင်းဖြင့် တက်ရောက်သည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက တက္ကသိုလ်ဝင်တန်းစာမေးပွဲ မအောင်မြင်သေးသည့်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်ရန် ပညာရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာတက္ကသိုလ်များနှင့် ညှိနှိုင်းအစည်းအဝေးများ ပြုလုပ်ခဲ့ပြီး Job Ready Skill သင်တန်းများကိုလည်း တက္ကသိုလ်အသီးသီး၏ အားသာချက်အလိုက် ဆောင်ရွက်နိုင်မည့်သင်တန်းများကို စတင်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ပထမဦးဆုံးသင်တန်းကာလကို သုံးလ၊ ခြောက်လနှင့် ကိုးလ သင်တန်းများဖွင့်လှစ်နိုင်ရန် လမ်းညွှန်ထားရှိကြောင်း၊ ကိုးလသင်တန်းပြီးမြောက်ပါက ဒီပလိုမာရရှိမည်ဖြစ်ပြီး ဆက်လက်ပညာသင်ယူနိုင်မည်ဖြစ်ကြောင်း၊ တက္ကသိုလ်ဝင်တန်းအတွက်သာမက မူလတန်းနှင့် အလယ်တန်းများအတွက် အကောင်းဆုံးဖြစ်မည့် အလုပ်အကိုင်အခွင့်လမ်းများ ဖန်တီးပေးနိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများက ဝိုင်းဝန်းအကြံပြုပေးကြစေလိုကြောင်း။

ပညာရေးဝန်ကြီးဌာနအနေဖြင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများနှင့် ပတ်သက်၍ ဆောင်ရွက်ရာတွင် Grade-9 ပြီးဆုံးပါက Grade-10၊ 11၊ 12 သင်ကြားနေသည့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း စုစုပေါင်း ၈၉ ကျောင်းရှိကြောင်း၊ အလယ်တန်းများဖြစ်သည့် Grade 6၊ 7၊ 8၊ 9 အတန်းများရှိ သင်ရိုးညွှန်းတမ်းများတွင် လာမည့်ပညာသင်နှစ်၌ စိုက်ပျိုးရေးနှင့် စက်မှုအခြေခံဘာသာရပ်များကို ထည့်သွင်းသင်ကြားပေးရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းဘာသာရပ်များကို သင်ကြားပေးရန် ကျွမ်းကျင်ဆရာ ဆရာမများ ဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က အခြေခံပညာ မူလတန်း၊ အလယ်တန်း၊ အထက်တန်း မအောင်မြင်သေးသူများအတွက် အလုပ်အကိုင်ရရှိရေး အထောက်အကူပြုကျွမ်းကျင်အတတ်ပညာသင်တန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် တက်ရောက်လာကြသည့် ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက မူလတန်း၊ အလယ်တန်း၊ အထက်တန်း မအောင်မြင်သေးသူများအတွက် အလုပ်အကိုင်အထောက်အကူပြု ကျွမ်းကျင်မှုအတတ်ပညာသင်တန်းများ ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## နတ်တလင်းမြို့နယ်၌ အရည်အသွေးပြည့်ဝသော Quality AN care ရှစ်ကြိမ်ရရှိနိုင်ရေး အရှိန်အဟုန်မြှင့်ဆောင်ရွက်



**နတ်တလင်း ဇန်နဝါရီ ၁၂**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ကိုယ်ဝန်ဆောင်မိခင်များအား အရည်အသွေးပြည့်ဝသော Quality AN care ရှစ်ကြိမ်ရရှိနိုင်ရေး အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက မိခင်နှင့်ကလေး ကျန်းမာရေးဌာနတွင် ဆောင်ရွက်ခဲ့သည်။

အဆိုပါဆောင်ရွက်ပေးခြင်းကို နတ်တလင်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာအေးအေးသန့်၏ ဦးဆောင်မှုဖြင့် မိခင်နှင့်ကလေး ကျန်းမာရေးဌာနမှ မိခင်ကလေး ကျောင်းကျန်းမာအာဟာရဦးစီးအရာရှိ ဒေါ်ခိုင်သဇ္ဇာနှင့် ဝန်ထမ်းများက ကိုယ်ဝန်ဆောင် ၃၀ အား ကိုယ်ဝန်ဆောင်စောင့်ရှောက်မှုပေးခြင်း၊ ကိုယ်ဝန်ဆောင်များ၏ သွားကျန်းမာရေးအသိပညာပေးခြင်း၊ ကိုယ်ဝန်ဆောင်များ အာဟာရညီညွတ်မျှတစွာ စားသောက်စေရေး ကျန်းမာရေး အသိပညာမြှင့်တင်ခြင်း၊ အပြန်အလှန်အမေးအဖြေပြုလုပ်၍ ဆုချီးမြှင့်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဝေယံဖြိုး(ပြန်/ဆက်)**

## ကွန်ပျူတာတက္ကသိုလ်(ဟသာ်တ) (၁၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ




**ဟသာ်တ ဇန်နဝါရီ ၁၂**

ဧရာဝတီတိုင်းဒေသကြီး ဟသာ်တမြို့နယ်၌ ကွန်ပျူတာတက္ကသိုလ် (ဟသာ်တ)၏ (၁၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက တာငါးဆယ်တောင်ရပ်ကွက် ကရင်ကျောင်းလမ်းရှိ ကွန်ပျူတာတက္ကသိုလ်(ဟသာ်တ) ဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပသည်။

အဆိုပါ ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ကွန်ပျူတာတက္ကသိုလ် ဟသာ်တမှ ဒုတိယပါမောက္ခချုပ် ဒေါက်တာထွန်းမြတ်အောင်က ဦးဆောင်ကျင်းပခဲ့ပြီး အခမ်းအနားသို့ ဘွဲ့နှင်းသဘင်ကော်မတီ ပါမောက္ခ(ဌာနမှူး)များနှင့် ဘွဲ့ရမောင်/မယ် ကျောင်းသား ကျောင်းသူ ၉၅ ဦးနှင့် မိဘဆွေမျိုးများ တက်ရောက်ကြသည်။

**ပေးအပ်**

ယနေ့ကျင်းပခဲ့သော ဘွဲ့နှင်းသဘင် အခမ်းအနားတွင် ကွန်ပျူတာသိပ္ပံဘွဲ့လွန် ဒီပလိုမာသင်တန်း၊ ကွန်ပျူတာ သိပ္ပံဘွဲ့နှင့် ကွန်ပျူတာနည်းပညာဘွဲ့ ရရှိကြသူများအား ဒုတိယပါမောက္ခချုပ် ဒေါက်တာ ထွန်းမြတ်အောင်က သက်ဆိုင်ရာ ဘွဲ့များအလိုက် ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## တိုက်ကြီးမြို့နယ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကျင်းပ



**ရန်ကုန် ဇန်နဝါရီ ၁၂**

ရန်ကုန်တိုင်း ဒေသကြီး တိုက်ကြီးမြို့နယ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် မြို့နယ်အဆင့် ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၁၀ ရက် နံနက် ၉ နာရီက အခြေခံပညာ အထက်တန်းကျောင်း (မြို့မ)ရှိ ပညာရတနာခန်းမ၌ ကျင်းပသည်။

ဦးစွာ အထက(မြို့မ)မှ ကျောင်းသား ကျောင်းသူများက စုံညီပွဲတော် ဒို့နွဲ့ပျော် သီချင်းဖြင့် သီဆိုဖွင့်လှစ်ပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌဦးခင်မောင်စိုးက အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါက်တာမိုးစန္ဒာသိန်းက ပညာရေးစုံညီပွဲတော် ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ခရိုင်ပညာရေးမှူး ဒေါ်စန္ဒာဦး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးခင်မောင်စိုးနှင့် တာဝန်ရှိသူများက မြို့နယ်အဆင့် ကာယစွမ်းရည်၊ ဉာဏစွမ်းရည်ပြိုင်ပွဲများတွင် ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ ချီးမြှင့်ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ရှမ်းပြည်နယ် သမဝါယမဦးစီးဌာန၌ ရုံးလုပ်ငန်းစီမံခန့်ခွဲမှုဆိုင်ရာ မွမ်းမံသင်တန်းပို့ချ

**တောင်ကြီး ဇန်နဝါရီ ၁၂**

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ရှိ ပြည်နယ် သမဝါယမဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၇ ရက် မွန်းလွဲပိုင်းက ရုံးလုပ်ငန်းစီမံခန့်ခွဲမှုဆိုင်ရာ မွမ်းမံသင်တန်းဖွင့်ပွဲကို ကျင်းပသည်။

ဦးစွာ ရှမ်းပြည်နယ် သမဝါယမဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးကျော်မိုးတင့်က အမှာစကား ပြောကြားသည်။



အဆိုပါသင်တန်းသို့ ရှမ်းပြည်နယ် သမဝါယမဦးစီးဌာနမှ အရာထမ်း/အမှုထမ်း ဝန်ထမ်းများ ၆၅ ဦးဖြင့် သင်တန်းဖွင့်လှစ်ပို့ချလျက်ရှိပြီး သင်တန်းတွင် ရုံးလုပ်ငန်းနှင့် သက်ဆိုင်သည့် ရုံးစာရေးသားနည်း၊ ရုံးလုပ်ငန်းဘာသာရပ်၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေနှင့် ဝန်ထမ်းကျင့်ဝတ်၊ ဝန်ထမ်းများ လိုက်နာရမည့် စည်းကမ်းနှင့် အမိန့်ညွှန်ကြားချက်များကို သင်ကြားပို့ချသွားမည်ဖြစ်ပြီး သင်တန်းကို ဇန်နဝါရီ ၁၆ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဝိုးတောင်း**

# BBC သတင်းဌာနနှင့် ဂမ်ဘီယာရှေ့နေအဖွဲ့မှ ဦးဆောင်ရှေ့နေ Mr. Arsalan Suleman တို့၏ အင်တာဗျူးအား တုံ့ပြန်ချက်

မင်းခန့်

နယ်သာလန်နိုင်ငံ သည်ဟိဂ်မြို့မှာရှိတဲ့ အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ) မှာ ဂမ်ဘီယာနိုင်ငံက မြန်မာနိုင်ငံကို Genocide Convention ဖောက်ဖျက်တယ်လို့ စွပ်စွဲပြီး တရားစွဲဆိုထားတာ ရှိပါတယ်။ ဒီအမှုဟာ အခုဆိုရင် အပြီးသတ်ကြားနာပွဲအဆင့်ကို ရောက်ရှိလာပြီဖြစ်ပါတယ်။ ဒီကာလအတွင်း ဇန်နဝါရီလ ၁၀ ရက်နေ့က BBC သတင်းဌာနဟာ ဂမ်ဘီယာဘက်က ဦးဆောင်ရှေ့နေ Mr. Arsalan Suleman နဲ့ အင်တာဗျူးတစ်ခုကို ပြုလုပ်ထုတ်လွှင့်ခဲ့ပါတယ်။ ဒီအင်တာဗျူးမှာ Mr. Suleman ပြောကြားခဲ့တဲ့ အချက်အလက်တွေကို အသေအချာဆန်းစစ်ကြည့်သောအခါ သူတို့ရဲ့ရည်ရွယ်ချက်အစစ်အမှန်၊ တရားစီရင်ရေးအပေါ် မီဒီယာလွှမ်းမိုးမှု ရယူလိုတာတွေနဲ့ အခြေအမြစ်မရှိတဲ့ စွပ်စွဲချက်အချို့ကို တွေ့မြင်လာရပါတယ်။



BBC သတင်းဌာနက ဂမ်ဘီယာ ဦးဆောင်ရှေ့နေ Mr. Arsalan Suleman နှင့် အင်တာဗျူး ပြုလုပ်နေစဉ်။

Mr. Arsalan Suleman ရဲ့ အင်တာဗျူးကို နားထောင်ကြည့်မယ်ဆိုရင် အထူးခြားဆုံး သတိပြုမိတဲ့အချက်ကတော့ တရားမျှတမှု(Justice)နှင့် အခွင့်အရေး(Rights) ဆိုတာတွေထက် လျော်ကြေးငွေ (Compensation) နဲ့ ကုစားမှု(Remedies) ဆိုတဲ့ ကိစ္စရပ်တွေကိုပဲ ပိုမို ဦးစားပေး ပြောဆိုသွားတာဖြစ်ပါတယ်။ Mr. Suleman က ဒီအမှုရဲ့ နောက်ဆုံးအဆင့်မှာ တရားရုံးက မြန်မာနိုင်ငံကို Genocide ကျူးလွန်ကြောင်း ဆုံးဖြတ်မယ်ဆိုရင် နစ်နာသူတွေကို ဘယ်လိုကုစားဆောင်ရွက်ပေးရမယ်၊ လျော်ကြေးငွေ ဘယ်လောက်ပေးရမယ်ဆိုတဲ့ အမိန့်တွေ ချမှတ်နိုင်ဖို့ ရည်ရွယ်တယ်လို့ ထုတ်ဖော်ပြောဆိုခဲ့ပါတယ်။

ဒါကိုကြည့်မယ်ဆိုရင် သူတို့ဟာ လူ့အခွင့်အရေးနဲ့ Genocide ခေါင်းစဉ်ကို ဗန်းပြနေပေမယ့်လည်း လက်တွေ့မှာတော့ ဘင်္ဂါလီတွေ မြန်မာနိုင်ငံမှာ အသိအမှတ်ပြုခံရရေးထက် မြန်မာနိုင်ငံထံမှ လျော်ကြေးငွေ ရယူလိုတဲ့ရည်ရွယ်ချက်က ပိုမိုထင်ရှားနေသယောင် ရှိနေပါတယ်။ ဥပဒေကြောင်းအရ အမှုမနိုင်သေးခင်၊ တရားရုံးက အပြီးသတ်စီရင်ချက်မချရသေးခင် အချိန်ကတည်းက လျော်ကြေးငွေကိစ္စကို ခေါင်းပေးပြောဆိုနေတာဟာ ဒီအမှုရဲ့ နောက်ကွယ်က သူတို့ရဲ့ စေတနာမှန်ကို မေးခွန်းထုတ်စရာ ဖြစ်စေပါတယ်။ ရှင်းရှင်းလင်းလင်းပြောရရင် ဂမ်ဘီယာနိုင်ငံအနေနဲ့ ‘အကျိုးလိုလို့ ညောင်ရေသွန်း’ ဆိုသလို ငွေကြေးအကျိုးအမြတ်တစ်စုံတစ်ရာကို မျှော်ကိုးပြီး ဒီအကွက်ကို ဖန်တီးနေတာ ဖြစ်ပါတယ်။

တရားစီရင်ရေးလုပ်ငန်းစဉ်တွေမှာ အမှုသည်နှစ်ဖက်စလုံးဟာ တရားရုံးရဲ့ လုပ်ထုံးလုပ်နည်းတွေကို လေးစားလိုက်နာဖို့ရာ တာဝန်ရှိပါတယ်။ လက်ရှိ တရားရင်ဆိုင်မှုဖြစ်စဉ် တစ်လျှောက်လုံးမှာဆိုရင် မြန်မာနိုင်ငံဘက်က ကိုယ်စားလှယ်တွေဟာ ဥပဒေဘောင်အတွင်းက တိတိကျကျ ဖြေရှင်းဆောင်ရွက်နေပြီး မီဒီယာကို အသုံးပြုဝါဒဖြန့်ချိတာမျိုး လုံးဝမရှိခဲ့ပါဘူး။ မြန်မာနိုင်ငံဟာ ICJ Statute ကို လေးစားလိုက်နာတဲ့ နိုင်ငံတစ်နိုင်ငံအဖြစ် လုပ်ငန်းစဉ်တွေကို တိတ်ဆိတ်စွာ၊ သိက္ခာရှိစွာ ဆောင်ရွက်လျက်ရှိပါတယ်။

ဒါပေမယ့် ဂမ်ဘီယာနိုင်ငံဘက်မှ ရှေ့နေအဖွဲ့နဲ့ သူတို့ရဲ့နောက်ကွယ်က အထောက်အပံ့ပေးနေသူတွေဟာ နိုင်ငံတကာမီဒီယာတွေကို အလွန်အကျွံ အသုံးချနေတာ တွေ့ရပါတယ်။ အမှုကြားနာပွဲ မစတင်မီရက်ပိုင်းအလိုမှာ ပြုလုပ်ထားတဲ့ အခု BBC အင်တာဗျူးဟာလည်း တရားရုံးရဲ့ ဆုံးဖြတ်ချက်ကို မီဒီယာကတစ်ဆင့် သွယ်ဝိုက်လွှမ်းမိုးဖို့နဲ့ နိုင်ငံတကာအမြင်ကို ပုံဖော်ဖို့ ကြိုတင်ပြင်ဆင်ထားတဲ့ မီဒီယာလှုပ်ရှားမှုတစ်ခုသာ ဖြစ်ပါတယ်။ သူတို့ဟာ ဥပဒေကြောင်းအရ အားနည်းချက်တွေကို မီဒီယာအင်အားနဲ့ ဖုံးဖိဖို့ရန် ကြိုးစားနေတာသာ ဖြစ်ပါတယ်။

ဒီအမှု အခုအချိန်ထိ သက်ဆိုးရှည်နေတဲ့ အကြောင်းရင်းကတော့ ဂမ်ဘီယာနိုင်ငံရဲ့ စွဲချက်တွေ ခိုင်လုံသောကြောင့် မဟုတ်ဘဲ ICJ က တရားစီရင်ပိုင်ခွင့်ရှိတယ်လို့ ဆုံးဖြတ်ခဲ့တာကြောင့်သာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ကနဦးကန့်ကွက်လွှာတွေကို တင်သွင်းခဲ့ရာမှာလည်း အရေးကြီးတဲ့ ဥပဒေကြောင်းဆိုင်ရာအချက်တွေကို ထောက်ပြခဲ့ဖူးပါတယ်။ အထူးသဖြင့် မြန်မာနိုင်ငံဘက်က တင်ပြခဲ့တာမှာ ဒီအမှုရဲ့ အမှန်တကယ် တရားလို (Real Applicant) မှာ ဂမ်ဘီယာနိုင်ငံ မဟုတ်ဘဲ OIC (အစ္စလာမ္မစ်ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့) သာ ဖြစ်ကြောင်းနဲ့ ICJ Statute အရ နိုင်ငံတွေ (States) သာလျှင် တရားစွဲဆိုခွင့်ရှိပြီး အဖွဲ့အစည်းတွေက တရားစွဲဆိုခွင့်မရှိကြောင်း ထောက်ပြခဲ့ဖူးပါတယ်။

ဒါ့အပြင် မြန်မာနိုင်ငံဟာ Genocide Convention ရဲ့ အပိုဒ် ၈ (Article VIII) ကို ခြွင်းချက် (Reservation) ပြုလုပ်ထားတဲ့အတွက် တရားရုံးသို့ တိုက်ရိုက်လွှဲပြောင်းတိုင်ကြားခွင့် မရှိကြောင်းကိုလည်း ခိုင်လုံစွာ တင်ပြခဲ့ပါတယ်။ ဒါပေမယ့် တရားရုံးက စီရင်ပိုင်ခွင့်ရှိတယ်လို့ ဆုံးဖြတ်ခဲ့တဲ့အတွက်ကြောင့်သာ ယခုလို ဆက်လက်တရားရင်ဆိုင်နေရတာ ဖြစ်ပါတယ်။ ဒီအချက်တွေကို ကြည့်မယ်ဆိုရင် ဂမ်ဘီယာရဲ့ မြန်မာနိုင်ငံအပေါ် စွပ်စွဲချက်တွေဟာ မှန်ကန်တယ်လို့ဆိုလိုလို့ လုံးဝမရတာ အထင်အရှားပါ။

**❛ဒါ့အပြင် တစ်ဖက်နိုင်ငံသို့ ရောက်ရှိနေတဲ့ ဘင်္ဂါလီတွေကိုလည်း ပြန်လည်စိစစ်လက်ခံဖို့အတွက် မြန်မာနိုင်ငံက အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ဒါပေမယ့် သူတို့ ပြန်မလာတာကတော့ မြန်မာနိုင်ငံရဲ့ ပျက်ကွက်မှုကြောင့်မဟုတ်ဘဲ** Third Party **အဖွဲ့အစည်းတွေရဲ့ သွေးထိုးလှုံ့ဆော်မှုတွေ၊ ဟန့်တားမှုတွေနဲ့ သူတို့ကိုယ်တိုင်က ပြန်လာဖို့ရန် ဆန္ဒမရှိတဲ့အတွက် နိုင်ငံရေးအမြတ်ထုတ်လိုသူတွေနဲ့ ပေါင်းသင်းနေခြင်းကြောင့်သာ ဖြစ်ပါတယ်။❜**

Mr. Suleman က သူတို့ရဲ့ အထောက်အထားတွေခိုင်လုံကြောင်း ပြောဆိုရာမှာ ကုလသမဂ္ဂ အချက်အလက် ရှာဖွေရေးမစ်ရှင် (FFM) တို့လို အဖွဲ့အစည်းတွေက အစီရင်ခံစာတွေကို အဓိကကိုးကားနေကြပါတယ်။ ဒါပေမယ့် ဒီအစီရင်ခံစာတွေဟာ မြေပြင်အခြေအနေမှန်ကို ထင်ဟပ်ခြင်းမရှိဘဲ တစ်ဖက်သတ် စွပ်စွဲချက်တွေသာ ဖြစ်ပါတယ်။ FFM ကဲ့သို့သော အစီရင်ခံစာတွေဟာ အများအားဖြင့် မြေပြင်ပကတိအခြေအနေမှန်နဲ့ ကွဲလွဲတဲ့ အချက်အလက်တွေ၊ အတည်မပြုနိုင်တဲ့ ကောလာဟလတွေအပေါ် အခြေခံထားပြီး မြန်မာနိုင်ငံဘက်က ခိုင်မာတဲ့အထောက်အထားတွေနဲ့ ပြန်လည်ချေပထားပြီးဖြစ်ပါတယ်။

ဒါကြောင့် ဂမ်ဘီယာဘက်က ကိုးကားနေတယ်ဆိုတာဟာ နိုင်ငံရေးအရ ဘက်လိုက်မှုရှိပြီး ငွေကြေးအထောက်အပံ့ ရယူလှုပ်ရှားနေတဲ့ အဖွဲ့အစည်းတွေသာ ဖြစ်ကြပါတယ်။ သူတို့ရဲ့ အချက်အလက်တွေဟာ နိုင်ငံတကာ တရားရုံးတစ်ခုက ယုံကြည်လက်ခံနိုင်လောက်တဲ့ အဆင့်အတန်း ရှိ၊ မရှိ ဆိုတာဟာလည်း အလွန်သံသယဖြစ်ဖို့ ကောင်းလှပါတယ်။

အင်တာဗျူးမှာ ဂမ်ဘီယာဘက်က ဖုံးကွယ်ထားတဲ့ အဓိကအချက်တစ်ချက်က ၂၀၁၆ နှင့် ၂၀၁၇ ခုနှစ် ဖြစ်စဉ်တွေရဲ့ မူလဇာစ်မြစ် ဖြစ်ပါတယ်။ ဒီဖြစ်စဉ်တွေအရ မြန်မာနိုင်ငံက လူမျိုးတုံးသတ်ဖြတ်ရန် ရည်ရွယ်ချက်နဲ့ လုပ်ဆောင်ခဲ့တာမျိုး လုံးဝမဟုတ်တာကို တွေ့ရမှာပါ။ အမှန်တကယ်က အဲဒီအချိန်က ရခိုင်ပြည်နယ်မှာရှိတဲ့ ရဲကင်းစခန်းပေါင်းများစွာကို ARSA အကြမ်းဖက်အဖွဲ့က တစ်ပြိုင်နက်တည်း ဝင်ရောက်တိုက်ခိုက်ခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်အစိုးရအနေနဲ့ အချုပ်အခြာအာဏာနှင့် နယ်မြေလုံခြုံရေးအတွက် မဖြစ်မနေ တုံ့ပြန် ဆောင်ရွက်ခဲ့ရတဲ့ အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter–Terrorism Operation)သာ ဖြစ်ပါတယ်။

ကမ္ဘာပေါ်မှာရှိတဲ့ ဘယ်နိုင်ငံမဆို မိမိရဲ့လုံခြုံရေးတပ်ဖွဲ့ဝင်တွေနဲ့ ဒေသခံတွေကို အကြမ်းဖက်သမားတွေက တိုက်ခိုက်လာရင် လက်ပိုက်ကြည့်နေမှာမဟုတ်ပါဘူး။ ဒါ့အပြင် အခုလက်ရှိအချိန်မှာလည်း မြန်မာအစိုးရဟာ အဲဒီဒေသမှာရှိတဲ့ ပြည်သူလူထု လုံခြုံဘေးကင်းရေးအတွက် တိုင်းရင်းသားလက်နက်ကိုင် AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့ကို နှိမ်နင်းနေတာဟာ အဲဒီဒေသမှာရှိတဲ့ ရှုပ်ထွေးတဲ့ လုံခြုံရေးအခြေအနေကို မီးမောင်းထိုးပြနေတာဖြစ်ပါတယ်။ ARSA အကြမ်းဖက်အဖွဲ့ရဲ့ ရက်စက်ကြမ်းကြုတ်တဲ့ လုပ်ရပ်တွေနဲ့ပတ်သက်ပြီး ခိုင်လုံတဲ့ အထောက်အထားတွေလည်း ရှိပြီးဖြစ်ပါတယ်။

ဂမ်ဘီယာနိုင်ငံဘက်မှ တင်သွင်းမယ့် သက်သေတွေမှာ ဘက်ပြောင်းလာတဲ့ စစ်သားတွေရဲ့ ထွက်ဆိုချက်တွေ ပါဝင်မယ်လို့ သတင်းတွေကြားနေရပါတယ်။ ဒါပေမယ့် ဒီပုဂ္ဂိုလ်တွေဟာ မြန်မာ့တပ်မတော်မှ စည်းကမ်း၊ ကျင့်ဝတ်တွေကို ဖောက်ဖျက်ပြီး ထွက်ပြေးသွားကြတဲ့ ‘စစ်ပြေး’ တွေသာ ဖြစ်ပါတယ်။ ဒီလို ရာဇဝတ်မှုကျူးလွန်ထားသူတွေ၊ တာဝန်မှရှောင်လွှဲ ထွက်ပြေးလိုသူတွေရဲ့ ထွက်ဆိုချက်တွေကို အမှန်တရားအဖြစ် ယူဆလို့ရနိုင်ပါမလား မေးခွန်းထုတ်စရာ ဖြစ်နေပါတယ်။ သူတို့အနေနဲ့ အကျိုးစီးပွားတစ်စုံတစ်ရာအတွက် လုပ်ကြံဖန်တီး ထွက်ဆိုခြင်းတွေ ပြုလုပ်နိုင်ခြေ အလွန်များပါတယ်။ ဒါကြောင့် သူတို့ရဲ့ ထွက်ဆိုချက်တွေဟာ ဥပဒေကြောင်းအရ ခိုင်လုံမှု မရှိနိုင်ပါဘူး။

ဂမ်ဘီယာနိုင်ငံအနေနဲ့ တိုင်းရင်းသား မဟုတ်တဲ့ ဘင်္ဂါလီလူမျိုးတွေကို နိုင်ငံရေးခုတုံးလုပ်၍ ဗန်းပြနေခြင်းသာ ဖြစ်ပါတယ်။ သူတို့ရဲ့ လုပ်ရပ်ဟာ ဥပဒေကြောင်းအရ ခိုင်လုံမှုမရှိတဲ့ နိုင်ငံရေးရည်ရွယ်ချက်တွေနဲ့ မြန်မာနိုင်ငံကို ဖိအားပေးဖို့ ကြိုးပမ်းနေတာ ဖြစ်ပါတယ်။ ဒါပေမယ့် မြန်မာနိုင်ငံဘက်ကတော့ ဥပဒေကြောင်းအရ ခိုင်မာစွာဖြေရှင်းသွားမှာ ဖြစ်ပါတယ်။

**စာမျက်နှာ ၅ သို့** ○

**❛အင်တာဗျူးမှာ ဂမ်ဘီယာဘက်က ဖုံးကွယ်ထားတဲ့ အဓိကအချက်တစ်ချက်က ၂၀၁၆ နှင့် ၂၀၁၇ ခုနှစ် ဖြစ်စဉ်တွေရဲ့ မူလဇာစ်မြစ် ဖြစ်ပါတယ်။ ဒီဖြစ်စဉ်တွေအရ မြန်မာနိုင်ငံက လူမျိုးတုံးသတ်ဖြတ်ရန်ရည်ရွယ်ချက်နဲ့ လုပ်ဆောင်ခဲ့တာမျိုး လုံးဝမဟုတ်တာကို တွေ့ရမှာပါ။ အမှန်တကယ်က အဲဒီအချိန်က ရခိုင်ပြည်နယ်မှာရှိတဲ့ ရဲကင်းစခန်းပေါင်းများစွာကို ARSA အကြမ်းဖက်အဖွဲ့က တစ်ပြိုင်နက်တည်း ဝင်ရောက်တိုက်ခိုက်ခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်အစိုးရအနေနဲ့ အချုပ်အခြာအာဏာနှင့် နယ်မြေလုံခြုံရေးအတွက် မဖြစ်မနေ တုံ့ပြန်ဆောင်ရွက်ခဲ့ရတဲ့ အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး** (Counter-Terrorism Operation)**သာ ဖြစ်ပါတယ်။❜**

# နေပြည်တော်အတွင်း မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သော နေအိမ်များအတွက် ဒုတိယအကြိမ် ငွေသား၊ သွပ်၊ သံချောင်း၊ ဘိလပ်မြေနှင့် သစ်ဖိုးငွေ ထောက်ပံ့ပေးအပ်ပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၂

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နေအိမ်များအတွက် ဒုတိယအကြိမ် ငွေသား၊ သွပ်၊ သံချောင်း၊ ဘိလပ်မြေနှင့် သစ်ဖိုးငွေ ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော်ကောင်စီ ဇမ္ဗူသီရိခန်းမ၌ ကျင်းပရာ ပြည်ထောင်စုနယ်မြေ နေပြည်တော် သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ငလျင်ဘေးသင့်ပြည်သူများ တက်ရောက်ကြသည်။




ဦးစွာ တက်ရောက်လာကြသူများက ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြောင့် ပျက်စီးဆုံးရှုံးခဲ့မှုများနှင့် သေဆုံးခဲ့သူများအတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ်အနေဖြင့် တစ်မိနစ် ငြိမ်သက်ကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း နေအိမ်ပျက်စီးမှုများနှင့်စပ်လျဉ်း၍ ကနဦးစာရင်းအရ တစ်စိတ်တစ်ပိုင်း ၁၅၀၇ လုံး၊ လုံးဝပျက်စီး ၁၀၅၀၆ လုံး စုစုပေါင်း ၁၂၀၁၃ လုံးပျက်စီးခဲ့ပြီး ထောက်ပံ့ငွေ ပထမအကြိမ် ထောက်ပံ့ပေးအပ်ပြီးဖြစ်ပါကြောင်း၊ ယခုထပ်မံ၍ ငွေသားထောက်ပံ့ရန် ကျန်ရှိသည့် နေအိမ် အမျိုးအစားများဖြစ်သည့် တစ်ထပ်တိုက်၊ နှစ်ထပ်တိုက်၊ သုံးထပ်တိုက်နှင့်အထက်ကို ငွေသား ထောက်ပံ့ပေးအပ်မည့်အပြင် နေအိမ်အမျိုးအစား အားလုံးကို သွပ်၊ သံချောင်း၊ ဘိလပ်မြေနှင့် သစ်ဖိုးငွေများ တစ်ပါတည်း ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ပါကြောင်း၊ ပျက်စီးနေအိမ်များကို အိမ်ဆောက်ပစ္စည်းများဖြစ်သည့် သွပ်၊ သံချောင်း၊ ဘိလပ်မြေအိတ်များ ထောက်ပံ့ပေးအပ်ရန်အတွက် မြန်မာစီးပွားရေး ကော်ပိုရေးရှင်းကလည်း အိမ်ဆောက်ပစ္စည်းများကို မြို့နယ်အသီးသီးသို့ ပေးပို့နေပြီဖြစ်ပါကြောင်း၊ ငလျင်ဘေးကြောင့် ပျက်စီးခဲ့မှုများနှင့်စပ်လျဉ်း၍ နေအိမ်များ ပြိုကျခဲ့မှုအပေါ် အသစ်ပြန်လည်တည်ဆောက်ပါက မိမိတို့၏နေအိမ်များရှေ့တွင် သစ်ပင်များ စိုက်ပျိုးနိုင်ရေး၊ ရေစီးရေလာကောင်းမွန်စေရေး အတွက် လမ်းဘေးရေနုတ်မြောင်းများ တူးဖော်ခြင်းများ ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ မြို့နယ်များ အနေဖြင့် ဘေးသင့်ပြည်သူများလက်ဝယ်သို့ ငွေသား နှင့် အိမ်ဆောက်ပစ္စည်းများ ထောက်ပံ့ရာတွင် အိမ်အမျိုးအစားအလိုက်၊ ပျက်စီးမှုအလိုက် ခွဲခြား၍ စနစ်တကျ ထောက်ပံ့သွားရန် ပြောကြားသည်။

> ☆ **နေပြည်တော်အတွင်းမှ ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နေအိမ်များအတွက် ဘိလပ်မြေ ၁၀၁၂၈၂၇ အိတ်၊ သွပ် ၃၃၁၄၉၅ ချပ်၊ သံချောင်း ၁၆၉၀၇ တန်၊ သစ် ၂၁၈၀၉ ဒသမ ၈၇၈ တန်နှင့် ထောက်ပံ့ငွေကျပ် ၁၁၀၉၂၁ ဒသမ ၀၄၉၅ သန်း ထောက်ပံ့ပေးအပ်ခဲ့**

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက ပျဉ်းမနားမြို့နယ်အတွက် ငွေသား၊ သွပ်၊ သံချောင်း၊ ဘိလပ်မြေနှင့် သစ်ဖိုးငွေများ၊ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးက ဇမ္ဗူသီရိမြို့နယ်အတွက် ငွေသား၊ သွပ်၊ သံချောင်း၊ ဘိလပ်မြေနှင့် သစ်ဖိုးငွေများ၊ နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းက ဒက္ခိဏသီရိမြို့နယ်အတွက် ငွေသား၊ သွပ်၊ သံချောင်း၊ ဘိလပ်မြေနှင့် သစ်ဖိုးငွေများ၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးက လယ်ဝေးမြို့နယ်အတွက် ငွေသား၊ သွပ်၊ သံချောင်း၊ ဘိလပ်မြေနှင့် သစ်ဖိုးငွေများ၊ နေပြည်တော်ကောင်စီဝင် ဦးမင်းဦးက တပ်ကုန်းမြို့နယ်အတွက် ငွေသား၊ သွပ်၊ သံချောင်း၊ ဘိလပ်မြေနှင့် သစ်ဖိုးငွေများ၊ နေပြည်တော်ကောင်စီဝင် ဦးဟန်သူက ဥတ္တရသီရိမြို့နယ်အတွက် ငွေသား၊ သွပ်၊ သံချောင်း၊ ဘိလပ်မြေနှင့် သစ်ဖိုးငွေများ၊ နေပြည်တော်ကောင်စီဝင် ဦးခင်မောင်လတ်က ဇေယျာသီရိမြို့နယ်အတွက် ငွေသား၊ သွပ်၊ သံချောင်း၊ ဘိလပ်မြေနှင့် သစ်ဖိုးငွေများ၊ နေပြည်တော်ကောင်စီဝင် ဦးဝင်းမိုးခိုင်က ပုဗ္ဗသီရိမြို့နယ်အတွက် ငွေသား၊ သွပ်၊ သံချောင်း၊ ဘိလပ်မြေနှင့် သစ်ဖိုးငွေများကို ပေးအပ်ကြသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ငလျင်ဘေးသင့်ပြည်သူများကို ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားပြီး ထောက်ပံ့ပေးအပ်သည့်ပစ္စည်းများကို လှည့်လည်ကြည့်ရှုသည်။

ယနေ့အခမ်းအနားတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းမှ ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နေအိမ်များအတွက် ဘိလပ်မြေ ၁၀၁၂၈၂၇ အိတ်၊ သွပ် ၃၃၁၄၉၅ ချပ်၊ သံချောင်း ၁၆၉၀၇ တန်၊ သစ် ၂၁၈၀၉ ဒသမ ၈၇၈ တန်နှင့် ထောက်ပံ့ငွေကျပ် ၁၁၀၉၂၁ ဒသမ ၀၄၉၅ သန်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် တာဝန်ရှိသူများနှင့်အတူ နေပြည်တော် စည်ပင်သာယာရေးကော်မတီ... ဧည့်ရိပ်သာ(၁)နှင့်(၂)တို့၌ ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အဆောက်အအုံများ ပြန်လည်ပြုပြင်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် နေပြည်တော်ကောင်စီဥက္ကဋ္ဌက လုပ်ငန်းများ အမြန်ပြီးစီးအောင် ဆောင်ရွက်ရေး၊ သတ်မှတ်စံချိန်စံညွှန်းများ ပြည့်မီအောင် ဆောင်ရွက်ရေး၊ ဧည့်ရိပ်သာအတွင်းရှိ အခန်းများ အဆင်သင့်နေထိုင်နိုင်အောင် အမြန်ဆုံး ဆောင်ရွက်သွားရန်နှင့် သန့်ရှင်းသာယာလှပရေး တာဝန်ရှိသူများက အမြဲမပြတ် ကြီးကြပ်ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

**ထွန်းလင်း(ဇေယျာမြေ)**

# တောင်ကြီးမြို့ရှောင်လမ်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်

**တောင်ကြီး ဇန်နဝါရီ ၁၂**

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်သည် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့ရှောင်လမ်းဖြစ်သည့် လေးမိုင်ကွေ့-နောင်တလီ-ညိုမီး-နောင်ပနား ဗွာ-လင်းကွင်း-ထီရီး လမ်း ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှုနှင့် လမ်းကြံ့ခိုင်မှု အခြေအနေကို ကွင်းဆင်းကြည့်ရှုသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်သည် အဖွဲ့ဝင်များနှင့်အတူ တောင်ကြီးမြို့ရှောင်လမ်း မိုင်တိုင်အမှတ် (၆/၁) မိုင်ရှိ ရှင်းလင်းဆောင်သို့ရောက်ရှိရာ ရှမ်းပြည်နယ် လမ်းဦးစီးဌာန ကြီးကြပ်ရေးအဖွဲ့ ညွှန်ကြားရေးမှူးက မြို့ရှောင်လမ်းအား ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ရန်ပုံငွေဖြင့် လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က မြို့ရှောင်လမ်းကိုအသုံးပြုသည့် မော်တော်ယာဉ်များ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့စေရေးအတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ၊ ပြည်နယ်ဘဏ္ဍာရန်ပုံငွေများ အသုံးပြုဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ လမ်းဧရိယာနှင့် မလွတ်ကင်းသည့် အဆောက်အအုံမြေနေရာများကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ရန်၊ လမ်းဘေးရေမြောင်းများ စနစ်တကျ ဆောင်ရွက်ရန် မှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

## ကြည့်ရှု

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် တောင်ကြီးမြို့ ရေအေးကွင်းရပ်ကွက် ခြသေ့်လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုပြီး သတ်မှတ်စံချိန်စံညွှန်း အရည်အသွေးပြည့်မီရေး၊ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး စီမံဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။



**ဇော်နိုင်လင်း**

❍ စာမျက်နှာ ၄ မှ

အင်တာဗျူးမှာ ဂမ်ဘီယာနိုင်ငံဘက်က မြန်မာနိုင်ငံဟာ ICJ ရဲ့ ကြားဖြတ်ညွှန်ကြားချက်တွေကို မလိုက်နာသယောင် စွပ်စွဲပြောဆိုမှုတွေ ရှိပေမယ့်လည်း လက်တွေ့မှာ မြန်မာနိုင်ငံဟာ တရားရုံးရဲ့ ညွှန်ကြားချက်တွေကို အတိအလင်းလိုက်နာလျက်ရှိပါတယ်။ မြန်မာနိုင်ငံသည် တရားရုံးသို့ (၆)လ တစ်ကြိမ် ပုံမှန် အစီရင်ခံစာတွေ တင်သွင်းလျက်ရှိပါတယ်။

**ဒို့အပြင် တစ်ဖက်နိုင်ငံသို့ ရောက်ရှိနေတဲ့ ဘင်္ဂါလီများကိုလည်း ပြန်လည်စိစစ်လက်ခံဖို့အတွက် မြန်မာနိုင်ငံက အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ဒါပေမဲ့ သူတို့ ပြန်မလာတာကတော့ မြန်မာနိုင်ငံရဲ့ ပျက်ကွက်မှုကြောင့် မဟုတ်ဘဲ Third Party အဖွဲ့အစည်းတွေရဲ့ သွေးထိုးလှုံ့ဆော်မှုတွေ၊ ဟန့်တားမှုတွေနဲ့ သူတို့ကိုယ်တိုင်က ပြန်လာဖို့ရန် ဆန္ဒမရှိတဲ့အတွက် နိုင်ငံရေးအမြတ်ထုတ်လိုသူတွေနဲ့ ပေါင်းသင်းနေခြင်းကြောင့်သာ ဖြစ်ပါတယ်။**

ဒီ ICJ အမှုဟာ မြန်မာနိုင်ငံအတွက် ရိုးရိုးအမှုခင်းတစ်ခုမဟုတ်ဘဲ နိုင်ငံတော်ရဲ့ ဂုဏ်သိက္ခာ၊ အချုပ်အခြာအာဏာနဲ့ အမျိုးသားအကျိုးစီးပွားတို့နဲ့ သက်ဆိုင်တဲ့ နိုင်ငံ့အရေး ဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ မကျူးလွန်ခဲ့တဲ့ ပြစ်မှုတစ်ခုအတွက် နိုင်ငံတကာရဲ့ အထင်အမြင်လွဲမှားခံရမှုတွေ၊ မတရားစွပ်စွဲခံရမှုတွေကို ဥပဒေနည်းလမ်းကျကျ ရင်ဆိုင်ဖြေရှင်းနေရတာ ဖြစ်ပါတယ်။

ဒါကြောင့် ပြည်သူလူထုတစ်ရပ်လုံးအနေနဲ့ အခုလိုအရေးကြီးတဲ့ အချိန်ကာလမှာ သွားရောက်တရားရင်ဆိုင်နေကြတဲ့ မြန်မာကိုယ်စားလှယ်အဖွဲ့ရဲ့ နောက်ကွယ်မှ တစ်မျိုးသားလုံးအနေနဲ့ တစ်သားတည်း ရပ်တည်ပေးကြဖို့ လိုအပ်ပါတယ်။ အမှန်တရားသည် တစ်နေ့တွင် ပေါ်ပေါက်လာမည်ဖြစ်ပြီး ဂမ်ဘီယာနဲ့ သူ့နောက်ကွယ်က အဖွဲ့အစည်းတွေရဲ့ နိုင်ငံရေး ဇာတ်ညွှန်းတွေဟာလည်း ဥပဒေရဲ့ ရှေ့မှောက်မှာ ပျက်ပြယ်သွားမယ်လို့ ယုံကြည်ပါတယ်။ ဒါကြောင့် ပြည်တွင်း၊ ပြည်ပမှ သွေးထိုးမှုတွေ၊ မီဒီယာဝါဒဖြန့်မှုတွေကို သတိပြုပြီး ပြည်သူလူထုတစ်ရပ်လုံးက မိမိတို့ရဲ့ ကိုယ်စားလှယ်များဘက်မှ ခိုင်ခိုင်မာမာ ရပ်တည်ပေးကြဖို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# ပူးပေါင်းပါဝင်ရမည့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး

ကိုကိုချွန် (မော်လမြိုင်)

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် မူးယစ်ဆေးဝါးကုန်ကူးသူများ၏ အလေ့အထများနှင့် ဒေသတွင်းဖြစ်ပေါ်နေသော အခြေအနေများအပေါ်သုံးသပ်ပြီး တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို စီမံချက်ချဆောင်ရွက်နေရလျက်ရှိပါသည်။ တားဆီးနှိမ်နင်းရေးလုပ်ငန်းများဖြင့် ကြုံတွေ့ခံစားနေရသော မူးယစ်ဆေးဝါးပြဿနာကို အလုံးစုံဖြေရှင်းနိုင်မည်မဟုတ်သော်လည်း တားဆီးနှိမ်နင်းရေးလုပ်ငန်း ဆောင်ရွက်ခြင်းဖြင့် ပြဿနာအတိုင်းအတာတစ်ခုကို ဖြေရှင်းပြီး ဖြစ်နေတတ်ပါသည်။ လူငယ်ထုအတွင်း မူးယစ်ဆေးဝါးသုံးစွဲမှုကို ကာကွယ်ရန်မှာ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အထောက်အကူပြုစေသည့် **“သုံးစွဲသူလက်ထဲ အလွယ်တကူမရောက်ရှိနိုင်ရေးသည်”** အရေးကြီးသောလုပ်ငန်းစဉ်တစ်ခုဖြစ်ပါသည်။ မူးယစ်ဆေးဝါးထုတ်လုပ်ရာနေရာများမှာ တိုင်းရင်းသားလက်နက်ကိုင်များကြီးစိုးရာ နေရာဒေသများတွင်ဖြစ်သဖြင့် ထုတ်လုပ်ရာနေရာများမှ သယ်ယူပို့ဆောင်မှုများကို ဖော်ထုတ်ဖမ်းဆီးခြင်းနှင့် လက်လီရောင်းချမှုများကို ဖော်ထုတ်ဖမ်းဆီးခြင်းဖြင့် သုံးစွဲသူလက်အတွင်း အလွယ်တကူ မရောက်ရှိရေးကို တားဆီးနှိမ်နင်းရေးလုပ်ငန်းများဖြင့် ဟန့်တားထားရမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံအတွင်း လွန်ခဲ့သော ဆယ်စုနှစ်ကျော်ကာလများတွင် မူးယစ်ဆေးဝါးထုတ်လုပ်မှု၊ သယ်ယူပို့ဆောင်မှု၊ ဖြန့်ဖြူးရောင်းချမှုများနှင့်သုံးစွဲမှုများ အတန်အသင့်ရှိခဲ့သော်လည်း ဒေသတွင်း နိုင်ငံဖြတ်ကျော်မူးယစ်ရာဇဝတ်ဂိုဏ်းများ၏ ပါဝင်ပတ်သက်လာမှုနှင့် ဒေသတွင်းဈေးကွက်မြင့်တက်လာမှုများက ထုတ်လုပ်မှု၊ သယ်ဆောင်ရောင်းဝယ်မှုနှင့် ဖြန့်ဖြူးရောင်းချမှုများကို မြင့်တက်လာစေခဲ့ပါသည်။ ပြည်သူလူထုအတွင်း အထူးသဖြင့် လူငယ်ထုအတွင်း၌လည်း မူးယစ်ဆေးဝါးသုံးစွဲမှုများကို မြင့်တက်စေလျက်ရှိပါသည်။

မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်သည့် ပုံစံများကို ပြန်လည်လေ့လာကြည့်လျှင် မူးယစ်ဆေးဝါးထုတ်လုပ်ရာဒေသများမှ မူးယစ်ဆေးအနည်းငယ်ကို လူတစ်ဦးချင်းစီမှ အခြားကုန်ပစ္စည်းများဖြင့် ကွယ်ဝှက်ကာ အကြိမ်ကြိမ်သယ်ဆောင်ခြင်း၊ မူးယစ်ဆေးအနည်းငယ်ကို လူတစ်ဦးချင်းစီမှ အဆင့်ဆင့်သယ်ဆောင်ခြင်း၊ အကြိမ်ကြိမ်အနည်းငယ်သယ်ဆောင်ပြီး နေရာတစ်ခုတွင် စုစည်းခြင်းနှင့် အခြားနေရာတစ်ခုသို့ ထပ်မံသယ်ဆောင်မှုများကို အများဆုံးတွေ့ရှိရပါသည်။ နောက်ပိုင်းတွင် မူးယစ်ဆေးဝါးအမြောက်အမြားကို သိုဝှက်ပုံနည်းလမ်းအမျိုးမျိုးဖြင့် အဆင့်ဆင့်လက်ဆင့်ကမ်း သယ်ဆောင်လာကြပါသည်။ သယ်ယူပို့ဆောင်သူအဖြစ် အသုံးချခံသူများမှာ တစ်ဦးနှင့်တစ်ဦး မသိရှိဘဲ နောက်ကွယ်မှ ထိန်းချုပ်ကြိုးကိုင်သူ၏ လမ်းညွှန်ချက်အတိုင်း ဆောင်ရွက်ရပါသည်။ ဥပမာ နေရာတစ်ခုတွင် သော့တန်းလန်းဖြင့် ရပ်တန့်ထားသောယာဉ်များကို အခြားနေရာတစ်ခုသို့ မောင်းနှင်ရပြီး ရောက်ရှိရာနေရာတွင် ရပ်တန့်ထားခြင်းဖြင့် သယ်ယူပို့ဆောင်မှုကို အပိုင်းလိုက်၊ အကန့်စနစ်ဖြင့် လုပ်ဆောင်စေခြင်းဖြစ်ပါသည်။

လက်ရှိဖြစ်ပေါ်နေသော အခြေအနေများကို ပြန်လည်လေ့လာကြည့်လျှင် AA အကြမ်းဖက်သောင်းကျန်းသူများကဲ့သို့သော လက်နက်ကိုင်အဖွဲ့များ၏ ပါဝင်ပတ်သက်လာမှုများကြောင့် ဂိုဏ်းဖွဲ့ကျူးလွန်သည့်ပုံစံမျိုးကို တွေ့ရှိလာရပါသည်။ တာဝန်ခံတစ်ဦး၏ ထိန်းချုပ်မှုအောက်တွင် ထုတ်လုပ်သည့်အဆင့်မှ ဈေးကွက်သို့ပို့ဆောင်၊ ရောက်ရှိသည်အထိ ဆောင်ရွက်လာသည်ကို တွေ့ရပါသည်။ မူးယစ်ဆေးဝါးအမျိုးမျိုးကို ပြည်တွင်းဖြန့်ဖြူးသည့်အဆင့်မှ အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများသို့ ကုန်းလမ်း၊ ရေလမ်းကြောင်းများ အသုံးပြုပြီး သယ်ဆောင်သည်အထိ ကျယ်ပြန့်လာခဲ့ပါသည်။ ၂၀၂၅ ခုနှစ်အတွင်း **ဖမ်းဆီးရမိခဲ့သောဖြစ်စဉ်များကို ပြန်လည်လေ့လာကြည့်ပါက မူးယစ်ဆေးဝါးအမြောက်အမြား ဖမ်းဆီးရမိမှုများတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် တစ်နည်းနည်းနှင့်ပါဝင်ပတ်သက်နေကြသည်ကို** တွေ့ရှိရပါသည်။

နှစ်အလိုက် ဖမ်းဆီးရမိမှုများကို နှိုင်းယှဉ်ပါက ဖမ်းဆီးရမိသည့်မှုခင်းအရေအတွက်လျော့ကျသွားခဲ့ပြီး ဖမ်းဆီးရမိတရားခံများလည်း လျော့ကျသွားခဲ့ပါသည်။ သို့သော် ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးပမာဏ လွန်စွာမြင့်မားနေခြင်းက မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်မှုများတွင် လူအနည်းငယ်က ဂိုဏ်း/အုပ်စုဖွဲ့ကာ အမြောက်အမြား သယ်ဆောင်ရောင်းဝယ်သည့်ပုံစံမျိုးသို့ ပြောင်းလဲအသုံးပြုနေလျက်ရှိပါသည်။ အသုံးပြုသည့်ယာဉ်၊ ခေတ္တထားသိုမည့်နေရာများနှင့် ပို့ဆောင်ရာတွင် အသုံးချမည့်သူများကိုလည်း ပုံစံပြောင်းလဲကျင့်သုံးလာလျက်ရှိပါသည်။ လွန်ခဲ့သောနှစ်များတွင် အသုံးပြုသည့်ယာဉ်နှင့် ခေတ္တထားသိုသိမ်းဆည်းမည့်နေရာများမှာ ကိုယ်ပိုင်ယာဉ်၊ အိမ်/ဂိုဒေါင်များကို အသုံးပြုခဲ့သော်လည်း လက်ရှိကာလတွင် ယာဉ်များ၊ အိမ်/ဂိုဒေါင်များကို ဈေးနှုန်းမြင့်မားစွာဖြင့် ငှားရမ်းအသုံးပြုလာကြပါသည်။ သာမန်ပြည်သူများမှာ ငှားရမ်းခမြင့်မားစွာရရှိသဖြင့် ကျေနပ်နေမှုမှာ မူးယစ်ကုန်ကူးသူများ၏ သားကောင်အဖြစ်သို့ ကျရောက်သွားနိုင်သည်ကို သတိထားရန်လိုအပ်ပါသည်။

> လက်ရှိဖြစ်ပေါ်နေသော အခြေအနေများကို ပြန်လည်လေ့လာကြည့်လျှင် AA အကြမ်းဖက်သောင်းကျန်းသူများကဲ့သို့သော လက်နက်ကိုင်အဖွဲ့များ၏ ပါဝင်ပတ်သက်လာမှုများကြောင့် ဂိုဏ်းဖွဲ့ကျူးလွန်သည့်ပုံစံမျိုးကို တွေ့ရှိလာရပါသည်။ တာဝန်ခံတစ်ဦး၏ ထိန်းချုပ်မှုအောက်တွင် ထုတ်လုပ်သည့်အဆင့်မှ ဈေးကွက်သို့ပို့ဆောင်၊ ရောက်ရှိသည်အထိ ဆောင်ရွက်လာသည်ကို တွေ့ရပါသည်။ မူးယစ်ဆေးဝါးအမျိုးမျိုးကို ပြည်တွင်းဖြန့်ဖြူးသည့်အဆင့်မှ အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများသို့ ကုန်းလမ်း၊ ရေလမ်းကြောင်းများ အသုံးပြုပြီး သယ်ဆောင်သည်အထိ ကျယ်ပြန့်လာခဲ့ပါသည်။ ၂၀၂၅ ခုနှစ်အတွင်း ဖမ်းဆီးရမိခဲ့သောဖြစ်စဉ်များကို ပြန်လည်လေ့လာကြည့်ပါက မူးယစ်ဆေးဝါးအမြောက်အမြား ဖမ်းဆီးရမိမှုများတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် တစ်နည်းနည်းနှင့် ပါဝင်ပတ်သက်နေကြသည်ကို တွေ့ရှိရ

၂၀၂၃ ခုနှစ်တွင် အာဖဂန်နစ္စတန်နိုင်ငံ၏ တာလီဘန်အစိုးရသည် ဘိန်းစိုက်ပျိုးမှုကို ပြင်းထန်စွာအရေးယူမည်ဟု တားမြစ်လိုက်သဖြင့် ၂၀၂၄ ခုနှစ် ဘိန်းစိုက်ပျိုးထွက်ရှိမှုမှာ ၉၅ ရာခိုင်နှုန်းခန့် လျော့ကျသွားခဲ့ပါသည်။ မြန်မာနိုင်ငံအတွင်း ဘိန်းစိုက်ပျိုးမှုမှာ သိသာသောပြောင်းလဲမှုများမရှိခဲ့ဘဲ အနည်းငယ်သာ ပြောင်းလဲမှုရှိပါသည်။ တာလီဘန်အစိုးရမှ ဘိန်းစိုက်ပျိုးမှုကို တားမြစ်လိုက်သဖြင့် ဈေးကွက်လိုအပ်ချက်အရ ဘိန်းနှင့်ဘိန်းဖြူဈေးနှုန်းများ မြင့်တက်လာရမည်ဖြစ်သော်လည်း ဒေသတွင်းနိုင်ငံများတွင် ဈေးနှုန်းများစွာ လျော့ကျသွားသည်ကို တွေ့ရပါသည်။ ဘိန်းနှင့်ဘိန်းဖြူစိုက်ပျိုးထုတ်လုပ်မှုသည် အချိန်များစွာယူရခြင်း၊ သုံးစွဲသူဈေးကွက်အတွင်း လူလုပ်မူးယစ်ဆေးဝါးသုံးစွဲမှုပိုမိုမြင့်မားလာခြင်းတို့ကြောင့် ဘိန်းဈေးနှုန်းများ ကျဆင်းသွားသည်ကို တွေ့ရပါသည်။ ဖမ်းဆီးရမိမှုအနေဖြင့် ၂၀၂၄ ခုနှစ်တွင် ဘိန်း ၁.၇ တန်ကျော် ဖမ်းဆီးရမိခဲ့ရာမှ ယခုနှစ်တွင် ဘိန်း ၁.၁၅ တန်သာ ဖမ်းဆီးရမိခဲ့သည်ကို တွေ့ရှိရပါသည်။ ဘိန်းဖြူသုံးစွဲမှုမှာ ယခင်အတိုင်းသာရှိနေပြီး ဖမ်းဆီးရမိမှုအနေဖြင့် ၂၀၂၄ ခုနှစ်တွင် ၁.၉၇ တန်ကျော်ရှိခဲ့ရာမှ အရေးကြီးနယ်မြေများ၌ စစ်ဆင်ရေးတိုးမြှင့်ဆောင်ရွက်ခြင်းကြောင့် ၂၀၂၅ ခုနှစ်တွင် ၂.၁၃ တန်ကျော် ဖမ်းဆီးရမိခဲ့ပါသည်။

ဘိန်းနှင့်ဘိန်းဖြူ သုံးစွဲမှုများသည် ယခင်သုံးစွဲနေသည့်ဒေသများတွင် ပုံမှန်အတိုင်းသာရှိသော်လည်း စိတ်ကြွရူးသွပ်ဆေးပြားမှာ နိုင်ငံနှင့်အဝန်းပျံ့နှံ့ပြီး ဈေးနှုန်းကျဆင်းမှုက သာမန်လူထုအတွင်း လက်လှမ်းမီနိုင်သည့် အခြေအနေတွင်ရှိပါသည်။ စိတ်ကြွရူးသွပ်ဆေးပြား ဖမ်းဆီးရမိမှုမှာ ၂၀၂၄ ခုနှစ်တွင် ဆေးပြား ၂၂၇ သန်းကျော်ရှိရာမှ ၂၀၂၅ ခုနှစ်တွင် ၃၇၇ သန်းကျော် ဖမ်းဆီးရမိခဲ့ပါသည်။ ၂၀၂၁ ခုနှစ်တွင် ဖမ်းဆီးရမိမှုနှင့် နှိုင်းယှဉ်ပါက နှစ်ဆကျော်မြင့်တက်ခဲ့ပါသည်။ စိတ်ကြွရူးသွပ်ဆေးပြား ဖမ်းဆီးရမိမှုများအား စစ်ဆေးဖော်ထုတ်ချက်များအရ **ရခိုင်ပြည်နယ်သည် စိတ်ကြွဆေးပြားများ တရားမဝင်သယ်ယူပို့ဆောင်ရာ အဓိကနေရာဖြစ်နေပြီး AA အကြမ်းဖက်သောင်းကျန်းသူများနှင့် တစ်နည်းမဟုတ်တစ်နည်း ဆက်စပ်ပတ်သက်နေသည်ကို** တွေ့ရပါသည်။

ပြည်နယ်အတွင်း လုံခြုံရေးအခြေအနေများအရ စိတ်ကြွဆေးပြားသုံးစွဲသူ အနည်းငယ်တိုးလာနိုင်သော်လည်း **ဖမ်းဆီးရမိဆေးပြားပမာဏမှာ တစ်ပြည်နယ်လုံးရှိ လူဦးရေအားလုံး တစ်နှစ်သုံးစွဲနိုင်သည့်ပမာဏထက် ပိုနေသည်**ကိုတွေ့ရပါသည်။ မြန်မာနိုင်ငံ၏ အနောက်ဘက်အိမ်နီးချင်းနိုင်ငံများအနေဖြင့်လည်း စိတ်ကြွရူးသွပ်ဆေးပြားများ ရခိုင်ဒေသမှ ၎င်းတို့နိုင်ငံအတွင်း အမြောက်အမြားဝင်ရောက်နေကြောင်း ပြောဆိုနေမှုများကိုလည်း တွေ့ရပါသည်။ နိုင်ငံအတွင်း မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုများတွင် စိတ်ကြွရူးသွပ်ဆေးပြားဖမ်းဆီးရမိသည့်အမှုမှာ အများဆုံးဖြစ်နေသည်ကို တွေ့ရပါသည်။

**စာမျက်နှာ ၇ သို့ ☆**

| စဉ် | မူးယစ်ဆေးဝါးအမျိုးအစား | ၂၀၂၄ ခုနှစ် | | ၂၀၂၅ ခုနှစ် | | ရေတွက်ပုံ |
|---|---|---|---|---|---|---|
| | | အမှု | ပမာဏ | အမှု | ပမာဏ | |
| ၁ | ဘိန်း | ၇၅ | ၁.၇၁၉ | ၇၇ | ၁.၁၅၅ | တန် |
| ၂ | ဘိန်းဖြူ | ၄၅၀ | ၁.၉၇၈ | ၃၉၇ | ၂.၁၃ | တန် |
| ၃ | စိတ်ကြွရူးသွပ်ဆေးပြား | ၃၉၂၉ | ၂၂၇.၇၈၄ | ၃၈၀၇ | ၃၇၇.၁၀၉ | သန်း |
| ၄ | အိုက်စ် | ၇၀ | ၂၁.၀၄၈ | ၈၉ | ၃၇.၈၀၅ | တန် |
| ၅ | ဆေးခြောက် | ၄၇၈ | ၁.၁၈၅ | ၃၈၆ | ၀.၈၇၉ | တန် |
| ၆ | ဘိန်းစေးရွက် | ၆၂ | ၁.၉၄၄ | ၆၂ | ၁.၅၁၀ | တန် |
| ၇ | ဘိန်းစေးမှုန့် | ၁၈ | ၀.၁၇ | ၁၄ | ၀.၃၀၁ | တန် |
| ၈ | အက်တက်စီဆေးပြား | ၂၇ | ၀.၂၁၄ | ၃၀ | ၀.၀၆၅ | သန်း |
| ၉ | Happy Water | ၂၀၉ | ၂၁၈.၄၄၀ | ၂၄၄ | ၂၀၄.၉၅၉ | ကီလို |
| ၁၀ | ကက်တမင်း | ၈၆ | ၁.၆၅၁ | ၈၈ | ၁၅.၃၉၇ | တန် |
| အမှုပေါင်း | | ၅.၁၉၃ | | ၅.၃၇၀ | | |
| တရားခံပေါင်း | | ၇.၈၂၈ ဦး | | ၇.၅၆၂ ဦး | | |
| မြန်မာငွေကျပ်(ဘီလီယံ) | | ၉၉၈.၆၀၄ | | ၁.၇၆၁.၃၂၄ | | |

၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ် မူးယစ်ဆေးဝါးဖမ်းဆီးရမိမှု။



၁၃-၁၂-၂၀၂၅ ရက်နေ့တွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ် မိုင်းဟဲ(အောက်) ကျေးရွာအုပ်စု၌ စိတ်ကြွဆေးပြား ထုတ်လုပ်သည့် စခန်းနှစ်ခု ဖော်ထုတ်သိမ်းဆည်းရမိမှု။



ကမ္ဘောဒီးယားနိုင်ငံတွင် ကက်တမင်းချက်လုပ်သည့်စက်ရုံ ဖမ်းဆီးရမိမှု (ဇူလိုင်၊ ၂၀၂၂)။



မလေးရှားနိုင်ငံတွင် ကက်တမင်းချက်လုပ်သည့်စက်ရုံ ဖမ်းဆီးရမိမှု (ဒီဇင်ဘာ၊ ၂၀၂၅)။


☆ စာမျက်နှာ ၆ မှ

မကွေးတိုင်းဒေသကြီး – ပဲခူးတိုင်းဒေသကြီးအနောက်ခြမ်း – ဧရာဝတီတိုင်းဒေသကြီး – ရန်ကုန်တိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီး– ချင်းပြည်နယ်တို့မှတစ်ဆင့် ရခိုင်ပြည်နယ်သို့ ကုန်းလမ်း၊ ရေလမ်းဝင်/ထွက်ရာလမ်းကြောင်းများမှ အဓိကသယ်ယူပို့ဆောင်နေသဖြင့် အဆိုပါလမ်းကြောင်းများကို အထူးသတိထားစောင့်ကြည့်ရန် လိုအပ်မည်ဖြစ်ပါသည်။

ထိုင်းနိုင်ငံတွင် ဆေးခြောက်ကို တရားဝင်ခွင့်ပြုထားသဖြင့် ထိုင်း–မြန်မာနယ်စပ်မှ မြန်မာနိုင်ငံသို့ တရားမဝင်ဆေးခြောက်သယ်ယူပို့ဆောင်မှုများ မြင့်တက်ခဲ့ပြီး နယ်စပ်ဒေသလမ်းကြောင်းများတွင် ဖမ်းဆီးရမိမှု အများဆုံးဖြစ်ခဲ့ပါသည်။ ၂၀၂၄ ခုနှစ်တွင် ဆေးခြောက် ၁.၁၅၈ တန်ကျော် ဖမ်းဆီးရမိခဲ့သော်လည်း ၂၀၂၅ ခုနှစ် နှောင်းပိုင်းတွင် ထိုင်းနိုင်ငံ၌ ဆေးခြောက်ရောင်းချမှုများကို ပြန်လည်ထိန်းချုပ်လိုက်သဖြင့် ဖမ်းဆီးရမိမှု လျော့ကျသွားခဲ့ပြီး ၀.၈၇၉ တန်ကျော်သာ ဖမ်းဆီးရမိခဲ့ပါသည်။ သို့သော် **ထိုင်းနိုင်ငံနှင့် ထိစပ်နေသည့်ဒေသများမှ နိုင်ငံအတွင်းသို့ဝင်ရောက်ရာ လမ်းကြောင်းများတွင် ဖမ်းဆီးရမိမှုများမှာ မြင့်တက်နေဆဲဖြစ်ပါသည်။** နိုင်ငံအတွင်းသို့ ဆေးခြောက်ပါဝင်သော စားသောက်ကုန်များ၊ အသုံးအဆောင်ပစ္စည်းများ တရားမဝင်ဝင်ရောက်နေမှုများကို ထိန်းချုပ်နိုင်ရန်မှာလည်း အရေးကြီးသော ကဏ္ဍတစ်ရပ် ဖြစ်နေပါသည်။

ဘိန်းစာရွက်ကို မြန်မာနိုင်ငံမှ ထိန်းချုပ်ထားသော်လည်း ထိုင်းနိုင်ငံတွင် တရားဝင်ခွင့်ပြုထားသဖြင့် မြန်မာနိုင်ငံနယ်စပ်ဒေသများတွင် ဘိန်းစာရွက်၊ ဘိန်းစာရွက်ပါဝင်သော ဖျော်ရည်နှင့် စားသောက်ကုန်ပစ္စည်းများသုံးစွဲမှုမှာ နှစ်စဉ်ပုံမှန်တိုးတက်လာလျက်ရှိပါသည်။ ဘိန်းစာရွက်ဖမ်းဆီးရမိမှု ပမာဏကွာခြားခြင်းမရှိသော်လည်း တရားမဝင်လမ်းကြောင်းများမှ ဝင်ရောက်နေမှုများကို ပိုမိုထိန်းချုပ်နေရလျက်ရှိပါသည်။

ခေါင်းညိတ်၊ ခေါင်းခါဆေးဟုခေါ်သော အက်တက်စီဆေးပြားမှာ ဒေသတွင်းထုတ်လုပ်မှုမရှိဘဲ ဥရောပနိုင်ငံများမှတစ်ဆင့် ဒေသတွင်းသို့ ဝင်ရောက်နေလျက်ရှိပါသည်။ ဒေသတွင်းနိုင်ငံများမှ ဘိန်း၊ ဘိန်းဖြူနှင့် အခြားလူလုပ်မူးယစ်ဆေးဝါးများသည် ဥရောပနိုင်ငံများသို့ ရောက်ရှိမှုမှာ မဆိုစလောက် အနည်းငယ်သာရှိပါသည်။ သို့သော်လည်း မြန်မာနိုင်ငံနှင့် ဒေသတွင်းနိုင်ငံအချို့အပေါ် မူးယစ်ဆေးဝါးနှင့် ပတ်သက်သော စွပ်စွဲပြောကြားမှုများသာ အသံကျယ်လောင်နေပြီး **ဥရောပနိုင်ငံများမှ ဒေသတွင်းနိုင်ငံများသို့ အက်တက်စီဆေးပြားများ ဝင်ရောက်မှုမှာ အသံမကြားရသလောက်ပင်ဖြစ်ပါသည်။** ယခုအခါ ဒေသတွင်းနိုင်ငံအချို့တွင် နိုင်ငံဖြတ်ကျော်မူးယစ်ရာဇဝတ်ဂိုဏ်းများ ဝင်ရောက်လာမှုက ဒေသတွင်း အက်တက်စီချက်လုပ်မှုများကို တွေ့ရှိ





ဆေးခြောက်နှင့်ဘိန်းစာရွက် ဖမ်းဆီးရမိမှု။

လာရပြီး မြန်မာနိုင်ငံအတွက် သတိထားစောင့်ကြည့်ရမည့်အခြေအနေတွင် ရှိပါသည်။

ဒေသတွင်း မူးယစ်ဆေးဝါးသုံးစွဲမှုအခြေအနေများအရ အိုက်စ်နှင့် ကက်တမင်း သုံးစွဲမှုများ အဆမတန်မြင့်တက်လာလျက်ရှိပါသည်။ ဒေသတွင်းနိုင်ငံများတွင် အိုက်စ်နှင့် ကက်တမင်း ဖမ်းဆီးရမိမှုများ စံချိန်တင် မြင့်တက်လာသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ဖမ်းဆီးရမိမှုများ မြင့်တက်လာလျက်ရှိပါသည်။ ၂၀၂၄ ခုနှစ်တွင် အိုက်စ် ၂၁ တန်ကျော် ဖမ်းဆီးရမိခဲ့ရာမှ ၂၀၂၅ ခုနှစ်တွင် ၃၇ တန်ကျော် ဖမ်းဆီးရမိခဲ့ပါသည်။ ၂၀၂၁ ခုနှစ် (၁၃.၈ တန်ကျော်)နှင့် ပြန်လည်နှိုင်းယှဉ်ကြည့်ပါက သုံးဆခန့် မြင့်တက်လာသည်ကို တွေ့ရပါသည်။ ကက်တမင်း ဖမ်းဆီးရမိမှုများမှာ ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ဖမ်းဆီးရမိမှုမြင့်တက်လာပြီး ၂၀၂၁ ခုနှစ်နှင့် နှိုင်းယှဉ်ပါက အဆ ၂၀ ခန့်မြင့်တက်လာလျက်ရှိပါသည်။ မြန်မာနိုင်ငံအတွင်း မူးယစ်ဆေးဝါးချက်လုပ်သည့်နေရာများကို ဖော်ထုတ်ဖမ်းဆီးရမိခဲ့သော်လည်း ကက်တမင်းချက်လုပ်သည့်နေရာများဖမ်းဆီးရမိခြင်းမရှိသေးကြောင်း တွေ့ရှိရပါသည်။ ဒေသတွင်းနိုင်ငံများတွင်မူ ကက်တမင်းအမြောက်အမြားထုတ်လုပ်နေသည့် စက်ရုံများကို ဖမ်းဆီးရမိသော်လည်း မြန်မာနိုင်ငံအပေါ်ကိုသာ စွပ်စွဲလက်ညှိုးထိုးနေမှုများကို သတိထားစောင့်ကြည့်သွားရန်လည်း လိုအပ်ပါသည်။

ယခုအခါ လူငယ်ထုကြား KTV၊ Bar များရှိ ဟိုင်းခန်းများတွင် Happy Water သုံးစွဲမှုများ ခေတ်စားလာနေပြီး လူလတ်ပိုင်းအရွယ်




အိုက်စ်၊ ကက်တမင်း ဖမ်းဆီးရမိမှု။

အများစုပါဝင်နေသည်ကို စိတ်မကောင်းဖွယ် တွေ့နေရပါသည်။ ၂၀၂၂ ခုနှစ်မှစတင်ပြီး ဖမ်းဆီးရမိသော Happy Water ပမာဏမှာ သိသာစွာကွာခြားခြင်းမရှိသော်လည်း အမှုအရေအတွက်မှာ ပုံမှန်မြင့်တက်နေလျက်ရှိပါသည်။

ဒေသတွင်း မူးယစ်ဆေးဝါးအခြေအနေကို ပြန်လည်သုံးသပ်ကြည့်လျှင် မူးယစ်ဆေးဝါး ဈေးကွက်ချဲ့ထွင်လာမှု (သုံးစွဲမှုမြင့်တက်လာမှု)၊ နိုင်ငံဖြတ်ကျော်မူးယစ်ရာဇဝတ်ဂိုဏ်းများ ပါဝင်ပတ်သက်လာမှုများကြောင့် မူးယစ်ဆေးဝါးချက်လုပ်သည့်နည်းလမ်းများ ပြောင်းလဲလာခြင်းနှင့် သန့်စင်မှုရာခိုင်နှုန်းမြင့်တက်လာခြင်း၊ အမြောက်အမြားထုတ်လုပ်လာမှုများကြောင့် ဈေးနှုန်းကျဆင်းလာခြင်းများနှင့် သုံးစွဲမှုမြင့်တက်လာခြင်းဟူသော သံသရာအတွင်းသို့ လည်ပတ်နေလျက်ရှိပါသည်။ မြန်မာနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်း နိုင်ငံများအနေဖြင့် တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်နေမှုများကြောင့် ဖမ်းဆီးရမိမှုများ မြင့်တက်နေသော်လည်း ထုတ်လုပ်မှု၊ သယ်ဆောင်ရောင်းဝယ်မှုများ လျော့ကျသွားခြင်းမရှိသည်ကို အထူးဂရုပြုစောင့်ကြည့်သွားရန် လိုအပ်ပါသည်။

မြန်မာနိုင်ငံအဖို့ **မူးယစ်ဆေးဝါးထုတ်လုပ်၊ သယ်ဆောင်၊ ရောင်းဝယ်မှုများတွင် နိုင်ငံအတွင်းရှိ တိုင်းရင်းသားလက်နက်ကိုင်အကြမ်းဖက်အဖွဲ့များ၏ နက်ရှိုင်းစွာပါဝင်နေမှုများက ပြဿနာကို ပိုမိုဆိုးရွားစေပြီး** ပြဿနာဖြေရှင်းရေးတွင် ပိုမိုခက်ခဲစေလျက်ရှိပါသည်။ ၎င်းအဖွဲ့များ ကြီးစိုးရာနေရာများတွင် တားဆီးနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ရန်ခက်ခဲနေပြီး သတင်းရရှိရန်မှာလည်း လွန်စွာခက်ခဲလျက်ရှိပါသည်။ သို့သော် လမ်းကြောင်းတစ်လျှောက်ရှိ ငြိမ်းချမ်းသော နယ်မြေများတွင် နေထိုင်ကြသော ပြည်သူများအနေဖြင့် မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်မှုသတင်းများကို သက်ဆိုင်ရာသို့ ပေးပို့ခြင်းဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကို အတူလက်တွဲဆောင်ရွက်သွားရန် လိုအပ်ပါသည်။ ပြဿနာအများစုမှာ လူတစ်ဦးချင်း၊ တစ်နိုင်ငံချင်းနှင့် သက်ဆိုင်နေသော်လည်း မူးယစ်ဆေးဝါးပြဿနာမှာ လူသားမျိုးနွယ်စုတစ်ခုလုံးနှင့် သက်ဆိုင်နေသဖြင့် နိုင်ငံသားတိုင်း၊ လူသားတိုင်းတွင် တာဝန်ရှိသည်ဟု ခံယူလုပ်ဆောင်ရန် လိုအပ်လာသည့်အချိန်လည်းဖြစ်ကြောင်း တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။



၆–၃–၂၀၂၅ ရက်နေ့တွင် ရန်ကုန်မြို့၌ ငွေကျပ် ၉၆.၆၂၅ ဘီလီယံတန်ဖိုးရှိ မက်သ်အဖက်တမင်း(အိုက်စ်) ၃.၄၆၅ တန်နှင့် ကက်တမင်း ၂၀၀ ကီလိုတို့အား အသွင်ယူဖော်ထုတ်ဖမ်းဆီးရမိမှု။

# ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၃) အောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၂

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၃)အောင်မြင်စွာ ကျင်းပနိုင်ရေးလုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်း၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးအောင်စောဝင်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးဌာနဆိုင်ရာများ၊ ခရိုင်/မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အပိုင်း(၃)ကို အောင်အောင်မြင်မြင် ကျင်းပနိုင်ရေး ပူးပေါင်းဆောင်ရွက်ကြရန်၊ မဲစာရင်း အမှတ်စဉ်များကို မဲဆန္ဒရှင်ပြည်သူများ ကြိုတင် သိရှိစေရေး၊ မဲဆန္ဒရှင်ပြည်သူများ စိတ်အေးချမ်းသာစွာ လွယ်ကူလွတ်လပ်စွာ ဆန္ဒမဲပေးနိုင်ရေး အတွက် သက်ဆိုင်ရာမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်ကြရန်နှင့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဌာနဆိုင်ရာ များက အဆင့်ဆင့်အလေးထား ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရန်တို့ကို ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်းက ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အပိုင်း(၁)၊ အပိုင်း(၂) ဆိုင်ရာ သုံးသပ်ချက်နှင့် အပိုင်း(၃)အတွက် အကြံပြုချက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးဇော်နိုင်ဦးက ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အပိုင်း(၃)အတွက် ကြိုတင်ပြင်ဆင်မှု လုပ်ငန်းဆိုင်ရာ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးများနှင့် တက်ရောက်လာကြသူများက ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၃) ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများနှင့် မဲဆန္ဒရှင်ပြည်သူများ လွယ်ကူအဆင်ပြေစွာ မဲပေးနိုင်ရေး ပြင်ဆင်ဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များကို ဖြည့်စွက်ဆွေးနွေးပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ပူပေါင်းဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

ဇွဲထက်ကို(ပြန်/ဆက်)



## အုတ်တွင်းမြို့နယ်၌ မဲရုံမှူး၊ ဒုမဲရုံမှူးသင်တန်းဖွင့်

အုတ်တွင်း ဇန်နဝါရီ ၁၂


ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း (၃) အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မဲရုံမှူး၊ ဒုမဲရုံမှူးနှင့်မဲရုံအဖွဲ့ဝင်များ မွမ်းမံသင်တန်းကို ယမန်နေ့နံနက်ပိုင်းက ကျွဲပွဲမြို့ အမှတ်(၂) ရပ်ကွက်ရှိ မရမ်းကျောင်း ဓမ္မာရုံ၌ ဖွင့်လှစ်သည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအဏ္ဏဝါအောင်က မဲရုံမှူးသင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ ဦးစီးအရာရှိ ဦးသူရမျိုးက သင်တန်းဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှဦးစီး အရာရှိဦးသူမျိုးက ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲရုံမှူး၊ ဒုမဲရုံမှူးနှင့်မဲရုံအဖွဲ့ဝင် တာဝန်ထမ်းဆောင်ကြမည့် ဆရာ ဆရာမ များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ စုစုပေါင်းအင်အား ၁၂၀၀ အား သတ်မှတ်ဇုန်အသီးသီးတို့တွင်ဇန်နဝါရီ ၁၀ ရက်နံနက်ပိုင်းက ကြက်သွန်ခင်း(၂) ရပ်ကွက် ရှိ ဗောဓိကုန်းကျောင်းတိုက်နှင့် ဥယျာဉ်တော်ကျေးရွာအုပ်စုရှိ ရွှေကျောင်းကုန်းကျောင်းတိုက်တို့တွင်လည်းကောင်း၊ ယမန်နေ့နံနက်ပိုင်းက ကျွဲပွဲမြို့ အမှတ်(၂)ရပ်ကွက်ရှိ မရမ်းကျောင်းဓမ္မာရုံတွင်လည်းကောင်း မဲရုံမှူး၊ ဒုမဲရုံမှူး လုပ်ငန်းတာဝန်များ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

ခင်ခင်မာ(ပြန်/ဆက်)

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်စောဝင်း အာရှငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ



ရန်ကုန် ဇန်နဝါရီ ၁၂

ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးအောင် စောဝင်းသည် အာရှငြိမ်းချမ်းရေး နှင့် ပြန်လည်သင့်မြတ်ရေး ကောင်စီ (Asian Peace and Reconciliation Council – APRC) ဥက္ကဋ္ဌ H.E. Prof Dr Surakiart Sathirathai နှင့် အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရ အဖွဲ့ သံတမန်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် အာရှငြိမ်းချမ်းရေးနှင့် ပြန်လည် သင့်မြတ်ရေးကောင်စီ ဥက္ကဋ္ဌက မြန်မာနိုင်ငံတွင် ၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ အပိုင်း (၁) နှင့် အပိုင်း (၂) ကို လွတ်လပ်၍ တရားမျှတစွာ အောင်မြင်အောင် ကျင်းပနိုင်ခဲ့ခြင်း အတွက် ဝမ်းမြောက် ဂုဏ်ယူပါကြောင်း၊ မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲ ကျင်းပမှုအပေါ် ထောက်ခံပါကြောင်း၊ ဇန်နဝါရီ ၂၅ ရက်တွင် ကျင်းပမည့် ရွေးကောက်ပွဲ အပိုင်း (၃) ကျင်းပရာတွင်လည်း ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့ ဖွဲ့စည်းတာဝန်ပေး လေ့လာကြည့်ရှုစေပြီး ရွေးကောက်ပွဲဆိုင်ရာ တွေ့ရှိချက်၊ သုံးသပ် အကြံပြုချက်များကိုလည်း တင်ပြပေးသွားမည် ဖြစ်ကြောင်း ပြောကြားပြီး ၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် သိလိုသည်များကို မေးမြန်းဆွေးနွေးသည်။

### ရှင်းလင်းပြောကြား

ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်က ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အနေဖြင့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း (၁) နှင့် အပိုင်း(၂)ကို ဥပဒေနှင့်အညီ ပွင့်လင်းမြင်သာမှုရှိစွာ၊ လွတ်လပ်မျှတစွာ ကျင်းပနိုင်ခဲ့သည့်အခြေအနေများ၊ နိုင်ငံတကာနှင့် ပြည်တွင်းရွေးကောက်ပွဲ စောင့်ကြည့် လေ့လာရေးအဖွဲ့များကို ဖိတ်ခေါ်၍ စောင့်ကြည့်လေ့လာခွင့်ပြုခဲ့သည့် အခြေအနေများ၊ ပြည်တွင်း/ပြည်ပ သတင်းမီဒီယာများကို ပွင့်လင်းမြင်သာစွာ သတင်းရယူနိုင်ရေး ဆောင်ရွက်ပေးခဲ့မှုအခြေအနေများ၊ ကျင်းပပြီးသည့်အပိုင်းလိုက် ရွေးကောက်ပွဲများတွင် မဲဆန္ဒရှင်ပြည်သူများ၏ မဲပေးမှုအခြေအနေများ၊ မဲပေးရာတွင် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) အသုံးပြုခဲ့မှု အခြေအနေများ၊ ပြည်တွင်း/ပြည်ပ ကြိုတင်မဲပေးမှု အခြေအနေများ၊ ပြောင်းလဲကျင့်သုံးသည့် ရွေးကောက်ပွဲစနစ်ဆိုင်ရာ အကြောင်းအရာများ၊ ဆက်လက်ပြီး ရွေးကောက်ပွဲ အပိုင်း (၃) ကို အောင်မြင်စွာ ကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး APRC ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား ဇန်နဝါရီ ၂၅ ရက်တွင် ကျင်းပမည့် ရွေးကောက်ပွဲ အပိုင်း (၃) ကို လာရောက်လေ့လာပါရန် ဖိတ်ကြားခဲ့သည်။

ထို့နောက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း (၃) ကို အောင်မြင်စွာ ဆက်လက်ကျင်းပနိုင်ရေး၊ APRC နှင့် ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို အပြန်အလှန် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၂) အောင်မြင်စွာကျင်းပပြီးစီး

ပေါက်ခေါင်း ဇန်နဝါရီ ၁၂

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂)တွင် ပါဝင်သော မြို့နယ်များဖြစ်သည့် ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်အတွင်းရှိ ပေါက်ခေါင်းမြို့နယ်နှင့် ပန်းတောင်းမြို့နယ်တို့တွင် ဇန်နဝါရီ ၁၁ ရက် နံနက် ၆ နာရီမှ ညနေ ၄ နာရီအထိ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပပြီးစီးကြောင်း သိရသည်။

မောင်ရွှေဝင်း(ပြည်)

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၂)ကို ဇန်နဝါရီ ၁၁ ရက် နံနက် ၆ နာရီမှစတင်၍ ကျင်းပခဲ့ရာ ရပ်ကွက်/ကျေးရွာအုပ်စု အသီးသီးရှိ မဲရုံများတွင် မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲလာရောက်ပေးကြစဉ်။ မြို့နယ် (ပြန်/ဆက်)



# ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၂)တွင် မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးနေမှုမြင်ကွင်း

နေပြည်တော် ဇန်နဝါရီ ၁၂

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၂)ကို ဇန်နဝါရီ ၁၁ ရက် နံနက်ပိုင်းမှစ၍ မြို့နယ်ပေါင်း ၁၀၀ ၌ ကျင်းပရာ မဲဆန္ဒရှင်ပြည်သူများက သက်ဆိုင်ရာမဲရုံအသီးသီး၌ လွတ်လပ်အေးချမ်းစွာ ဆန္ဒမဲလာရောက်ပေးခဲ့ကြသည်။



အင်တောမြို့၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲလာရောက်ပေးမှုကို တွေ့ရစဉ်။ အင်တော(ပြန်/ဆက်)



ကွန်ဟိန်းမြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲလာရောက်ပေးမှုကို တွေ့ရစဉ်။ ခွန်ရဲထွေး(ဆီဆိုင်)



ချောင်းဦးမြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲလာရောက်ပေးမှုကို တွေ့ရစဉ်။ ဝင်းမြင့်အောင်(ပြန်/ဆက်)



သာစည်မြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲလာရောက်ပေးမှုကို တွေ့ရစဉ်။ မြို့နယ်(ပြန်/ဆက်)



ကမမောင်းမြို့၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲလာရောက်ပေးမှုကို တွေ့ရစဉ်။ ခရိုင်(ပြန်/ဆက်)



သံဖြူဇရပ်မြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲလာရောက်ပေးမှုကို တွေ့ရစဉ်။ မြို့နယ်(ပြန်/ဆက်)



ပန်းတောင်းမြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲလာရောက်ပေးမှုကို တွေ့ရစဉ်။ လပြည့်လင်း(ပြန်/ဆက်)



မိုင်းရယ်မြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲလာရောက်ပေးမှုကို တွေ့ရစဉ်။ မိုင်းရယ်(ပြန်/ဆက်)

တန့်ယန်းမြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲလာရောက်ပေးမှုကို တွေ့ရစဉ်။ မင်းလွင်ဦး(တန့်ယန်း)





လမိုင်းမြို့၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲလာရောက်ပေးမှုကို တွေ့ရစဉ်။ လမိုင်း(ပြန်/ဆက်)



စဉ့်ကိုင်မြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲလာရောက်ပေးမှုကို တွေ့ရစဉ်။ ကျော်စွာ(စဉ့်ကိုင်)

# ကရင်ပြည်နယ်၌ အကြိမ် (၂၀)မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု စုပေါင်းထမနဲထိုးပြိုင်ပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**ဘားအံ ဇန်နဝါရီ ၁၂**

ကရင်ပြည်နယ်အစိုးရအဖွဲ့ အကြိမ် (၂၀)မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု စုပေါင်းထမနဲထိုးပြိုင်ပွဲကို ဘားအံမြို့ သီရိကွင်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ယနေ့နံနက် ၁၀ နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၂)၌ ကျင်းပသည့် စုပေါင်းထမနဲထိုးပြိုင်ပွဲ ကျင်းပရေး စီမံခန့်ခွဲမှုဦးစီးကော်မတီနှင့် အထောက်အကူပြု လုပ်ငန်းကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ သိရသည်။



အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက မြန်မာ့ရိုးရာယဉ်ကျေးမှု စုပေါင်းထမနဲထိုးပြိုင်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားနိုင်ရေး ဆပ်ကော်မတီ၊ အထောက်အကူပြုလုပ်ငန်းကော်မတီများကို အသီးသီးဖွဲ့စည်း တာဝန်ပေးအပ်ထားပြီး လိုအပ်သည်များနှင့် ဆုံးဖြတ်အတည်ပြုပေးရမည့် ကိစ္စရပ်များကို ယခုအစည်းအဝေးတွင် တင်ပြဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြိုင်ပွဲကျင်းပရေးအထောက်အကူပြု လုပ်ငန်းကော်မတီအတွင်းရေးမှူးများက ဘားအံမြို့ပေါ်ရှိ ရပ်ကွက်/ကျေးရွာအုပ်စုများ၊ ဌာနဆိုင်ရာများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ သိပ္ပံများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တပ်ရင်းတပ်ဖွဲ့များနှင့် တိုင်းရင်းသားလက်နက်ကိုင် ငြိမ်းချမ်းရေးအဖွဲ့အစည်းများ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး၊ မြန်မာ့ရိုးရာယဉ်ကျေးမှု စုပေါင်းထမနဲထိုးပြိုင်ပွဲ အထိမ်းအမှတ် မီးပုံးပျံကြီးများ လွှတ်တင်နိုင်ရေး၊ ဧည့်ခံကျွေးမွေးရေး၊ ဆုချီးမြှင့်ရေး၊ အမှတ်ပေးအကဲဖြတ်နိုင်ရေး၊ စာရင်းစစ်ဆေးရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးတင်ပြကြပြီး တက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကားပြောကြားသည်။

အဆိုပါပြိုင်ပွဲသို့ ပြိုင်ပွဲဝင် ထမနဲထိုးအသင်း ၆၆ သင်း ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဟု သိရပြီး အောက်ခြေ အချင်း ခြောက်ပေ၊ အမြင့်ပေ ၄၀ နှင့် အထက်ရှိသော မီးပုံးပျံကြီး ၁၁ လုံးတို့ကို လွှတ်တင်သွားမည်ဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

---

## ဓာတ်ခွဲနမူနာစုစုပေါင်း ၄၇ ခု စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ အပတ်စဉ် သတင်းထုတ်ပြန်ချက်(၁၂-၁-၂၀၂၆)ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ (၄-၁-၂၀၂၆)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၁၁-၁-၂၀၂၆) ရက်နေ့၊ ည (၈:၀၀)နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၄၇ ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွား/သေဆုံးမှုနှင့်စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေ မရှိသော်လည်း ရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့်

- အသက်အရွယ်ကြီးသူများ (အသက် ၆၀ နှစ်နှင့်အထက်)၊
- ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါ ရှိသူများ၊
- ကိုယ်ဝန်ဆောင်မိခင်များ (ကိုယ်ဝန်ဆောင်ကာလ ၃ လ နှင့်အထက်)

ကို ဦးစားပေးအစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပေးနေပြီဖြစ်ပါ၍ ကာကွယ်ဆေးထိုးနှံမှု ခံယူကြရန်လိုအပ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသေးစိတ်သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန**
**(Myanmar CDC)**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန**

---

# ၂၀၂၆ ခုနှစ် (၂၁)ကြိမ်မြောက် ဂျပန်စာပေဘာသာပြန်ပြိုင်ပွဲကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၁၂**

မြန်မာနိုင်ငံအတွင်းရှိ မြန်မာနိုင်ငံသား မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်မည့် ဂျပန်စာပေဘာသာပြန်ပြိုင်ပွဲ ကျွမ်းကျင်အဆင့်နှင့် အငယ်တန်းအဆင့်တို့ကို မြန်မာနိုင်ငံ ဂျပန်ပြန်ပညာသင်ဟောင်းအသင်းက ကျင်းပသွားမည်ဖြစ်သည်။

ဂျပန်စာပေဘာသာပြန်ပြိုင်ပွဲ ကျွမ်းကျင်အဆင့် (Japanese Literature Translation Contest) သည် ဂျပန်စာပေဘာသာပြန်သူများ ပေါ်ထွန်းလာစေရန် ရည်ရွယ်ပြီး ဂျပန်ခေတ်ပြိုင်စာပေများကို မြန်မာဘာသာသို့ ပြန်ဆိုရမည့် ပြိုင်ပွဲဖြစ်သည်။

ကျွမ်းကျင်အဆင့်ဘာသာပြန်ပြိုင်ပွဲကို ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက် စနေနေ့ နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ Zoom online system ဖြင့် ကျင်းပမည်ဖြစ်သည်။ ပါဝင်လိုသူများသည် Google form linkURL : https://forms.gle/MQdbWQKGJB4VUNbFA တွင် ဇန်နဝါရီ ၁၈ ရက်နောက်ဆုံးထား လျှောက်ထားရမည်ဖြစ်သည်။

ဂျပန်စာပေဘာသာပြန်ပြိုင်ပွဲ အငယ်တန်းအဆင့် (Japanese Literature Translation Entry Level Contest)သည် ဂျပန်ဘာသာအရည်အချင်း N3 အဆင့်ရှိသည့် ဂျပန်စာလေ့လာနေသူများ ဂျပန်စာပေအပေါ် စိတ်ဝင်စားမှုတိုးပွားလာစေရန် ရည်ရွယ်ပြီး လွယ်ကူရိုးရှင်းသော ဂျပန်ဘာသာစကားဖြင့် ရေးသားထားသည့်စာမူကို မြန်မာဘာသာသို့ ပြန်ဆိုရမည့် ဘာသာပြန်ပြိုင်ပွဲဖြစ်သည်။

မြန်မာနိုင်ငံအတွင်းရှိ မြန်မာနိုင်ငံသား N3 အဆင့်ရှိသည့် ဂျပန်စာလေ့လာနေသူများ ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ဂျပန်ဘာသာ အရည်အချင်း N1၊ N2 အဆင့်ရှိသူများ လျှောက်ထား၍မရပါ။ အငယ်တန်းအဆင့်ပြိုင်ပွဲကို ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက် တနင်္ဂနွေနေ့ နံနက် ၉ နာရီမှ ၁၁ နာရီအထိ Zoom online system ဖြင့် ကျင်းပမည်ဖြစ်ကြောင်း၊ ပါဝင်လိုသူများသည် Google form link URL : https://forms.gle/ JT85vTiNApSykL6X9 တွင် ဇန်နဝါရီ ၁၈ ရက်နောက်ဆုံးထား လျှောက်ထားရမည်ဖြစ်ကြောင်းနှင့် ဘာသာပြန်ပြိုင်ပွဲတွင် မိမိကြိုက်နှစ်သက်ရာ အဘိဓာန်ကို အသုံးပြုနိုင်ကြောင်း သိရသည်။

ပြိုင်ပွဲနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို လျှောက်ထားသူများထံသို့ မေးလ်ဖြင့် ပြိုင်ပွဲရက်မတိုင်မီ ပေးပို့မည်ဖြစ်ပြီး သိရှိလိုပါက မြန်မာနိုင်ငံဂျပန်ပြန် ပညာသင်ဟောင်းအသင်း ဖုန်း ၀၉ ၄၂၈၆၁၂၅၁၊ ၀၉ ၂၆၂၆၀၂၂၂ တို့သို့ စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

**မျိုးမင်းသူရ**

---

## ရန်ကုန်တိုင်းဒေသကြီး၌ စာရင်းစစ်သင်တန်းဖွင့်လှစ်

**ရန်ကုန် ဇန်နဝါရီ ၁၂**

ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာနတွင် ဌာနတွင်း ဝန်ထမ်းများအား စာရင်းစစ်သင်တန်းများ ကျွမ်းကျင်စေရန်အတွက် စာရင်းစစ်သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၁၀ နာရီတွင် တိုင်းဒေသကြီး သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါသင်တန်းတွင် ဌာနတွင်းရှိဝန်ထမ်းများဖြစ်သော တိုင်းဒေသကြီး သမဝါယမဦးစီးဌာနဝန်ထမ်းများနှင့် တိုင်းအတွင်းရှိ မြို့နယ် ၄၄ မြို့နယ်ရှိ ဝန်ထမ်းများပါဝင်သော သင်တန်းသား ၃၀ တို့အား သင်တန်းဖွင့်လှစ်ခဲ့ကြောင်း၊ သင်တန်းကာလမှာ ဇန်နဝါရီ ၁၂ ရက်မှ ၁၆ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ကြောင်း၊ သင်တန်းတွင် စာတွေ့လက်တွေ့ ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။



**ဗလ**

---

## ထားဝယ်မြို့နယ်၌ သမဝါယမအသင်းသားတောင်သူများ မိုးစပါးရိတ်သိမ်း

**ထားဝယ် ဇန်နဝါရီ ၁၂**

တနင်္သာရီတိုင်း ဒေသကြီး ထားဝယ်မြို့နယ် ရှမ္မတွင်းကျေးရွာ ဦးပိုင်အမှတ်-၁၄ ဖွဲ့အားမာန်လယ်ယာနှင့် အထွေထွေ သမဝါယမ အသင်းများမှ အသင်းသား တောင်သူများ၏ မိုးစပါးများကို ယမန်နေ့မွန်းလွဲပိုင်းတွင် ရိတ်သိမ်းကြသည်။



**ကြည့်ရှုစစ်ဆေး**

ထို့နောက် အသင်းသား တောင်သူများ၏ မိုးစပါးဧက ၈၀ ၌ ထိုင်းနှံကောက်စပါးနှင့် GW-11 စပါးများအား ရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းနေမှုကို တိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးရွှေဝင်းနှင့် တာဝန်ရှိသူများ၊ ထားဝယ်မြို့နယ် သမဝါယမဦးစီးဌာနမှ တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးပြီး ဒုတိယညွှန်ကြားရေးမှူးက သမဝါယမကဏ္ဍမှ စီမံကိန်းသီးနှံများ စိုက်ပျိုးထုတ်လုပ်မှု၊ ရောင်းဝယ်ကြိတ်ခွဲ ဖြန့်ဖြူးမှု လုပ်ငန်းစဉ်များ အောင်မြင်အောင် ဆောင်ရွက်ပေးရန် မှာကြားခဲ့ကြောင်း သိရသည်။

**ငွေဇင်ယော်(ထားဝယ်)**

---

## မြန်အောင်မြို့နယ်၌ မီးဘေးကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြ

**မြန်အောင် ဇန်နဝါရီ ၁၂**

ဧရာဝတီတိုင်း ဒေသကြီး မြန်အောင်မြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးရဲအောင်၏ စီမံလမ်းညွှန်မှုဖြင့် မီးလောင်မှု မီးလန့်မှုမဖြစ်ပေါ်ရေး မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေး စစ်ဆေးဆောင်ရွက်ခြင်းကို မြန်အောင်မြို့နယ် သပြေကုန်းနယ်မြေ မီးသတ်စခန်း၌ ယနေ့မွန်းလွဲပိုင်းက စက်သုံးဆီအရောင်းဆိုင်များအား စစ်ဆေးဆောင်ရွက်ခဲ့ပြီး လက်တွေ့သရုပ်ပြ မီးငြိမ်းသတ် ဆောင်ရွက်သည်။



ထိုသို့ ဆောင်ရွက်ရာတွင် သပြေကုန်းနယ်မြေ မီးသတ်စခန်းမှ လက်ထောက်ဦးစီးမှူး ဦးကျော်ဇေယျ ဦးဆောင်ကာ သန္တေ/အရန် မီးသတ်တပ်ဖွဲ့ဝင်များ၊ တာဝန်ရှိသူများ ပူးပေါင်းအဖွဲ့က မီးဘေးကြိုတင် ကာကွယ်ရေး အတွက် ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး စက်သုံးဆီအရောင်းဆိုင် ဝန်ထမ်းများအား လက်တွေ့မီးငြိမ်းသတ် သရုပ်ပြ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ရောဦးသာ**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူငယ်ကိုယ်စားလှယ်အဖွဲ့များ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို

**နေပြည်တော် ဇန်နဝါရီ ၁၂**

လူငယ်ငြိမ်းချမ်းရေးဖိုရမ် (၂၀၂၆) တက်ရောက်ရန် နေပြည်တော်၌ ရောက်ရှိနေသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူငယ်ကိုယ်စားလှယ်အဖွဲ့များ၊ အုပ်ချုပ်သူများနှင့် တာဝန်ရှိသူများသည် ယနေ့ညနေပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်၌ တည်ထားပူဇော်ထားသည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြသည်။



ဦးစွာ လူငယ်ကိုယ်စားလှယ်အဖွဲ့များ၊ အုပ်ချုပ်သူများနှင့် တာဝန်ရှိသူများသည် မာရဝိဇယ ဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်း ကပ်လှူပူဇော်၍ ဘုရားရင်ပြင်တော်ပတ်လည်၌ စကျင်ကျောက်များအသုံးပြု တည်ဆောက်ထားသည့် ဂန္ဓကုဋီတိုက်များအတွင်း ကြည့်ရှုလေ့လာကာ သဒ္ဓါမိပတိခေါင်းလောင်းတော်ထိုး၍ ကုသိုလ်ပြုကြသည်။

ထို့နောက် လူငယ်ကိုယ်စားလှယ်အဖွဲ့များက ရုပ်ပွားတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ဂေါပကအဖွဲ့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း အံ့မခန်းဖိသုကာလက်ရာများဖြင့် ခမ်းနားထည်ဝါစွာ တည်ထားပူဇော်ထားသော အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်ကြီး၊ ကျောက်စာရုံစေတီတော်များနှင့် အခြားသာသနိက အဆောက်အအုံများကို စိတ်ဝင်တစားလေ့လာ ဖူးမြော်ကြည်ညိုကြကြောင်း သိရသည်။

**သတင်းစဉ်**

## ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာစာမေးပွဲ စာအောင်ကျောင်းသား ကျောင်းသူများအား ထပ်ဆင့်ဂုဏ်ပြုပွဲ ကျင်းပ



**ရမည်းသင်း ဇန်နဝါရီ ၁၂**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ပုတီးကုန်းကျေးရွာ အေးရိပ်မွန်ဘုန်းတော်ကြီးကျောင်းတိုက်တွင် ဇန်နဝါရီ ၁၀ ရက်က နဝမအကြိမ် ရမည်းသင်းမြို့နယ်လုံးဆိုင်ရာ ဗုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာစာမေးပွဲတွင် အောင်မြင်ခဲ့ကြသော ပုတီးကုန်းကျေးရွာမှ ကျောင်းသား ကျောင်းသူများအား ထပ်ဆင့်ဂုဏ်ပြုပွဲအခမ်းအနားကို အဆိုပါကျောင်းတိုက်မြက်ခင်းပြင်ဆုပေးမဏ္ဍပ်၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်မြို့ ဘယဝိသုဒ္ဓိကျောင်းတိုက်ဆရာတော် ဦးမာဃိန္ဒ၊ ရမည်းသင်းမြို့ ရွှေဖူးတောင်ကျောင်းတိုက်ဆရာတော် ဦးဇောတိကတို့က ချီးမြှင့်သောဩဝါဒကထာကိုခံယူကြသည်။

ရမည်းသင်းမြို့နယ်လုံးဆိုင်ရာ နဝမအကြိမ် ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာစာမေးပွဲတွင် ပုတီးကုန်းကျေးရွာမှ ကျောင်းသား ကျောင်းသူများသည် မူလတန်းအဆင့်၊ အလယ်တန်းအဆင့်၊ Top 1 အဆင့်တို့တွင် ၆၉ ဦးအောင်မြင်ကြသည်ဖြစ်ရာ နာယကဆရာတော်များနှင့် ရပ်မိရပ်ဖများက ထပ်ဆင့်ချီးမြှင့်ဆုများပေးအပ်ခဲ့ကြောင်း သိရသည်။

**လှိုင်သန်းတင့်**

## ကျိုင်းတုံမြို့ သမဝါယမလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး တာဝန်ရှိသူများ ကွင်းဆင်းဆောင်ရွက်

**တောင်ကြီး ဇန်နဝါရီ ၁၂**

ရှမ်းပြည်နယ် အရှေ့ပိုင်း ကျိုင်းတုံမြို့နယ်အတွင်းရှိ သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဇန်နဝါရီ ၁၁ ရက် နံနက်ပိုင်းက ရှမ်းပြည်နယ် သမဝါယမဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးကျော်မိုးတင့်နှင့် တာဝန်ရှိသူများက ကျိုင်းတုံမြို့နယ် မိုင်းဇင်းကျေးရွာအုပ်စုရှိ မိုင်းဇင်း လယ်ယာနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းမှ နွေစပါး ဧက ၁၆၀ နှင့် မိုင်းလန်းကျေးရွာအုပ်စုရှိ ပုလဲရတနာ စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းမှ နွေစပါး ၁၉၁ ဧက စိုက်ပျိုးထားရှိမှုများကို ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့သည်။



ထိုသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာတွင် တာဝန်ရှိသူများက အသင်းမှ လိုအပ်လျက်ရှိသည့် ငွေကြေးအရင်းအနှီး၊ သွင်းအားစုများ ပြတ်လပ်မှုမရှိစေရေးအတွက် သက်ဆိုင်ရာ မြို့နယ်သမဝါယမအသင်းစုနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဝိုးတောင်း**

## ပန်းတောင်းမြို့နယ်၌ ဆောင်းမြေပဲစိုက်ပျိုးမှု ကွင်းဆင်းကြည့်ရှု

**ပဲခူး ဇန်နဝါရီ ၁၂**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်အတွင်း သမဝါယမကဏ္ဍမှ လူမှုစီးပွားဘဝမြှင့်တင်ရေး သက်တန့်ရောင်စီမံကိန်းဖြင့် ဆောင်ရွက်သော အကယ်ဒမီ စိုက်ပျိုးရေးနှင့်အထွေထွေလုပ်ငန်းသမဝါယမအသင်းမှ အသင်းသားတောင်သူ ၁၅ ဦး၏ ဧက ၆၀ စိုက်ခင်းပေါ်တွင် ဆောင်းဆီထွက်သီးနှံ(မြေပဲ) ဆင်းပဒေသာ (၁၁) မီယက်နမ်မျိုး စိုက်ပျိုးနေမှုကို ပန်းတောင်းမြို့နယ် သမဝါယမဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဒေါ်ချောစုလှိုင်နှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## လူငယ့်အားမာန်
## Youth Peace Forum

❋ မြန်မာ့ရင်သည်း ရွေးကောက်ပွဲဖြင့်
တွဲလက်ညီညာ တက်လှမ်းရာသည်
သာစွမြန်မာ... ပြည်မြန်မာသို့။
❋ မြန်မာအားအင် သွင်ပြင်စည်းလုံး
နှလုံးညီစွာ အုတ်မြစ်မှာဖြင့်
ဖော်ကာဆောင်ထား စွမ်းပကားသည်
NSPNC ... ကြိုးစားချီစို့။
❋ နိုင်ငံကြီးကဲ တွဲလက်ညီညာ
အလှာစုံဖော် ခေါ်ယူလမ်းပြ
ကြိုးစားကြလျက် မုချရမည်... ငြိမ်းချမ်းပြည်။
❋ လူငယ်အများစိတ်ဝင်စားလျက် နိုးကြားပါဝင်
အားအင်တောက်ပ လမ်းပြကူဘိ
အသိပညာ ခိုင်မာစိတ်ထား
စွမ်းပကားတိုး ဖွံ့ဖြိုးမြန်မာ
တို့ပြည်ရွာမှ အနာဂတ်ရဲ့
လူငယ့်အသံ...
"Youth Peace Forum" ။ ။

**စောငွေးမြင့်**

(လူငယ်ငြိမ်းချမ်းရေးဖိုရမ် (၂၀၂၆)ကို ဂုဏ်ပြုပါ၏။)



## ငပုတောမြို့နယ်ရှိ စက်သုံးဆီအရောင်းဆိုင်များအား မီးဘေးလုံခြုံရေးစစ်ဆေးခြင်း ဆောင်ရွက်

**ငပုတော ဇန်နဝါရီ ၁၂**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များအား မီးဘေးလုံခြုံရေးစစ်ဆေးခြင်းကို ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက ဆုစျာန်စက်သုံးဆီအရောင်းဆိုင်အား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေး တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးသည်။

အဆိုပါစစ်ဆေးခြင်းလုပ်ငန်းများကို မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးမင်းအောင်၏လမ်းညွှန်မှုဖြင့် မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယမီးသတ်ဦးစီးမှူးဦးပိုင်စိုးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မြို့နယ်အတွင်း ဖွင့်လှစ်ရောင်းချလျက်ရှိသည့် စက်သုံးဆီအရောင်းဆိုင်များတွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုနှင့် မီးဘေးလုံခြုံရေးဆိုင်ရာ သတိပြုလိုက်နာရမည့်အချက်များကို အကြံပြုညွှန်ကြားခဲ့ကြောင်း သိရသည်။

**အောင်သူ(ပြန်/ဆက်)**

# လူငယ်၊ ယှဉ်ပြိုင်မှု၊ စွန့်ဦးတီထွင်လုပ်ကိုင်မှုနှင့် ငြိမ်းချမ်းရေး မျှော်လင့်ချက်

**ဒေါက်တာသုတအောင်**
**(ယှဉ်ပြိုင်မှုကော်မရှင်)**

လူငယ်ဟူသည် ဖျတ်လတ်သည်၊ တက်ကြွသည်၊ လုပ်ချင်ကိုင်ချင်စိတ်ပြင်းပြသည်၊ တီထွင်ကြံဆလိုစိတ်ကြီးမားသည်။ ထို့ကြောင့် ဖျတ်လတ်တက်ကြွ၍ ဖြစ်ထွန်းအောင်မြင်လိုစိတ်ပြင်းပြသော စိတ်ဓာတ်ခွန်အားရှိသည့် လူငယ်တို့ကို လူ့အဖွဲ့အစည်းတိုင်းတွင် အလေးထားနေရာပေးနေကြခြင်းဖြစ်သည်။ ယနေ့ကာလအချိန်အခါသည် သတင်းနှင့် ဆက်သွယ်ရေးနည်းပညာ အံ့မခန်းတိုးတက်နေသောခေတ်ဖြစ်သည်။ အဆိုပါနည်းပညာတိုးတက်မှုနှင့် လူငယ်တို့၏ စွန့်ဦးတီထွင်လုပ်ကိုင်လိုစိတ် ပေါင်းစပ်ပေး၍ သင့်လျော်စွာအသုံးပြုနိုင်ပါက နိုင်ငံတစ်နိုင်ငံ၊ လူ့အဖွဲ့အစည်းတစ်ရပ်၏ ဖွံ့ဖြိုးတိုးတက်မှုကို အားကောင်းသော မောင်းနှင်အားတစ်ရပ် ဖြစ်လာပေလိမ့်မည်။

**လူငယ်တို့၏ စွမ်းရည်နှင့် အားသာချက်များ**

စာရေးဆရာ၊ ကဗျာဆရာများက လူငယ်တို့၏ စွမ်းရည်များနှင့်ပတ်သက်၍ ဖွဲ့ဆိုမှုအမျိုးမျိုးဖြင့် တင်စားထားကြသည်ကို စာပေလက်ရာ အများအပြားတွင် တွေ့ရှိနိုင်သည်။ လူငယ်သည် ကောင်းကင်တမွတ် ကြယ်ကိုလည်းဆွတ်နိုင်၏၊ ပင်လယ်ပြာရေပြင်ကျယ်ကိုလည်း ဖြတ်သန်းကူးခတ်နိုင်၏။ ဆိုလိုသည်မှာ လူငယ်တို့တွင် စိတ်အားထက်သန်မှုကြီးမား၏။ ဖန်တီးနိုင်စွမ်းနှင့် အနာဂတ်မျှော်လင့်ချက်ကြီးမား၏။ လျင်မြန်ဖျတ်လတ်ပြီး အခြေအနေနှင့် လိုက်လျောညီထွေနေနိုင်စွမ်းရှိ၏။ လူမှုဆက်ဆံရေးနှင့် ဦးဆောင်နိုင်သည့်စွမ်းရည်ရှိ၏။ သင်ယူလိုစိတ်နှင့် ဖွံ့ဖြိုးတိုးတက်လိုစိတ် ကြီးမား၏။

ထို့ကြောင့် လူငယ်တို့တွင် အောက်ပါအရည်အချင်းများ၊ စွမ်းရည်များ ရှိနေကြသည်ဟု ဆိုနိုင်သည်-

(၁) အရှိန်ပြင်းပြင်း တောက်လောင်နေသော မီးတောက်တစ်တောက်ကဲ့သို့ မကုန်ခန်းနိုင်သေးသော၊ ရဲရင့်သော စိတ်အားထက်သန်မှုစွမ်းရည်။

(၂) အနာဂတ်ကို ပုံဖော်နိုင်စွမ်းရှိသည့် ဆန်းသစ်တီထွင်တတ်သည့် ဉာဏ်ရည်ဉာဏ်သွေးဖြင့် ဖန်တီးနိုင်မှုစွမ်းရည်။

(၃) ပြုလွယ်ပြင်လွယ်ရှိသော စဉ်းစားတွေးခေါ်မှု၊ အခြေအနေကိုလိုက်၍ ပြောင်းလဲမှုနှင့် နည်းပညာကို လျင်မြန်စွာ ရယူအသုံးပြုနိုင်သည့် လိုက်လျောညီထွေ ဖြစ်တည်နိုင်မှုစွမ်းရည်။

(၄) လူမှုရေးအကျိုးပြု လုပ်ငန်းများတွင်စိတ်ပါဝင်စားမှု၊ မျှတမှုနှင့် ကိုယ်ချင်းစာစိတ်ရှိခြင်းဖြင့် မိမိတို့၏ဝန်းကျင်နှင့် လူ့အဖွဲ့အစည်းကို ဦးဆောင်နိုင်သည့်စွမ်းရည်။

(၅) မဆုတ်မနစ်သည့်စိတ်ဖြင့် သင်ယူလိုစိတ်၊ ဖွံ့ဖြိုးတိုးတက်မှုကို ဦးတည်သော စွန့်စားလုပ်ဆောင်လိုသည့်စွမ်းရည်။

ထိုကဲ့သို့ လူငယ်တို့တွင်ရှိသော စွမ်းရည်များသည် ၎င်းတို့၏အားသာချက်ဖြစ်ပြီး လူ့အဖွဲ့အစည်းတစ်ရပ်၏ အားကိုးရာလည်း ဖြစ်လာသည်။ ထို့ကြောင့် လူငယ်တို့၏ ပြင်းပြသောဆန္ဒများကို အခြေခံဖြစ်တည်နေသည့် စွမ်းရည်များဖြင့် မြင့်မားလွန်းသော၊ ခက်ခဲလွန်းသော မဖြစ်နိုင်ဟု ထင်ရသောအရာကို လုပ်နိုင်သည်ဟု ဆိုကြခြင်း ဖြစ်သည်။ ယနေ့ကာလ ၂၁ ရာစုကမ္ဘာကြီးတွင် အိုင်တီနည်းပညာ ဖွံ့ဖြိုးထွန်းကားလျက် ဆန်းသစ်သော နည်းပညာမျိုးစုံ အံ့မခန်းတိုးတက်လာနေသည်လည်း လူငယ်များ၏ စွမ်းရည်များကြောင့်ပင်ဖြစ်သည်။

**ယှဉ်ပြိုင်မှု၏ အကျိုးသက်ရောက်မှုများ**

လောကသဘာဝအတိုင်း ယှဉ်ပြိုင်မှုဟူသည် ကောင်းကျိုးဖြစ်စေသကဲ့သို့ ဆိုးကျိုးများလည်း ရစေသည်။ ကောင်းမွန်သောယှဉ်ပြိုင်မှုသည် ကောင်းသော အကျိုးသက်ရောက်မှုဖြစ်စေ၍ မကောင်းမွန်သော ယှဉ်ပြိုင်မှုသည် မကောင်းသော အကျိုးသက်ရောက်မှုကို ရစေ၏။ မကောင်းမွန်သော ယှဉ်ပြိုင်မှုကြောင့် စိတ်ဖိစီးမှုနှင့် ကျန်းမာရေးပြဿနာများ ရရှိလာစေသည်။ လူမှုရေးဆိုင်ရာ ပဋိပက္ခများ ဖြစ်ပေါ်လာတတ်သည်။ ထို့ကြောင့် ကောင်းမွန်သော ယှဉ်ပြိုင်မှုကို အားပေးကြရမည်။

> **“လူငယ်ဘဝသည် ယှဉ်ပြိုင်မှုများနှင့် ဖွဲ့စည်းတည်ဆောက်ထားသော ကာလဖြစ်သည်။ ပညာရေး၊ အားကစား၊ လူမှုရေး၊ စီးပွားရေး စသဖြင့် နယ်ပယ်အသီးသီးတွင် ယှဉ်ပြိုင်မှုသည် လူငယ်များ၏ဘဝကို ပုံဖော်လျက်ရှိနေသည်။ လူငယ်ဘဝတွင် ကောင်းသောယှဉ်ပြိုင်မှုများ၌ ပါဝင်ပတ်သက်ခွင့်ရပါက ၎င်းတို့၏ အနာဂတ်ဘဝ တိုးတက်မှုဆီသို့ တွန်းအားများဖြစ်စေသည်။ စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်ရုံသာမက အခွင့်အလမ်းများကိုပါ ရရှိလာစေနိုင်သည်။ ထိုသို့လူငယ်တစ်ဦးချင်းစီ၏ ကောင်းသောယှဉ်ပြိုင်မှုတွင် ပါဝင်ခွင့်များသည် ၎င်းတို့ကိုယ်ပိုင်အနာဂတ်ဘဝများ အလားအလာကောင်းများအတွက်သာမက လူ့အဖွဲ့အစည်းတစ်ရပ်လုံး၊ တစ်နိုင်ငံလုံး အတွက်ပါ အပေါင်းလက္ခဏာဆန်သော အခွင့်အလမ်းများဖန်တီးပေးနိုင်”**

ကောင်းမွန်သော ယှဉ်ပြိုင်မှုသည် ဆန်းသစ်တီထွင်မှုကို မြှင့်တင်ပေးသည်။ စွမ်းဆောင်ရည် မြင့်မားလာစေသည်။ လူတို့၏စွမ်းရည် ပိုမိုတိုးတက်လာစေသည်။

ယှဉ်ပြိုင်မှုနှင့် အလိုက်ဖက်ဆုံး၊ အနီးကပ်ဆုံး လူသားသည် လူငယ်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် လူငယ်ဘဝသည် ယှဉ်ပြိုင်မှုများနှင့် ဖွဲ့စည်းတည်ဆောက်ထားသော ကာလဖြစ်သည်။ ပညာရေး၊ အားကစား၊ လူမှုရေး၊ စီးပွားရေး စသဖြင့် နယ်ပယ်အသီးသီးတွင် ယှဉ်ပြိုင်မှုသည် လူငယ်များ၏ဘဝကို ပုံဖော်လျက်ရှိနေသည်။ လူငယ်ဘဝတွင် ကောင်းသောယှဉ်ပြိုင်မှုများ၌ ပါဝင်ပတ်သက်ခွင့်ရပါက ၎င်းတို့၏ အနာဂတ်ဘဝ တိုးတက်မှုဆီသို့ တွန်းအားများဖြစ်စေသည်။ စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်ရုံသာမက အခွင့်အလမ်းများကိုပါ ရရှိလာစေနိုင်သည်။ ထိုသို့လူငယ်တစ်ဦးချင်းစီ၏ ကောင်းသောယှဉ်ပြိုင်မှုတွင် ပါဝင်ခွင့်များသည် ၎င်းတို့ကိုယ်ပိုင်အနာဂတ်ဘဝများ အလားအလာကောင်းများအတွက်သာမက လူ့အဖွဲ့အစည်းတစ်ရပ်လုံး၊ တစ်နိုင်ငံလုံးအတွက်ပါ အပေါင်းလက္ခဏာဆန်သော အခွင့်အလမ်းများ ဖန်တီးပေးနိုင်သည်။

**စွန့်ဦးတီထွင်လုပ်ကိုင်မှု**

စွန့်ဦးတီထွင်မှုအတွက် ယှဉ်ပြိုင်မှုသည် အရေးပါသော အခန်းကဏ္ဍတွင်ရှိသည်။ ရုပ်ပိုင်းဆိုင်ရာ ဖျတ်လတ်တက်ကြွနေချိန်၊ စိတ်ပိုင်းဆိုင်ရာ လန်းဆန်း၍ အရာရာအောင်မြင်လိုစိတ် ကြီးမားနေသည့် လူငယ်များသည် ယှဉ်ပြိုင်လိုစိတ် အမြဲမပြတ်ကိန်းအောင်းလျက်ရှိရာ တီထွင်ကြံဆလုပ်ကိုင်လိုမှုသည်လည်း အမြဲဖြစ်ပေါ်လျက်ရှိနေတော့သည်။ ထို့ကြောင့် ကောင်းသောယှဉ်ပြိုင်မှုနှင့်ပတ်သက်၍ ဆွေးနွေးပြောဆိုခြင်း၊ နည်းလမ်းပြအားပေးခြင်းတို့ ပြုလုပ်ပေးသည့် ပတ်ဝန်းကျင်ကောင်းတို့ ရှိနေဖို့လိုသည်။ ဖန်တီးပေးနိုင်ရမည်။

ပညာရေးနယ်ပယ်မှစ၍ နိုင်ငံရေး၊ စီးပွားရေး၊ နည်းပညာနယ်ပယ် စသဖြင့် စိတ်ဝင်စားမှုရှိသော နယ်ပယ်အသီးသီး၌ ပါဝင်နိုင်ရေး မိဘ၊ ဆရာများ၊ မိသားစုအသိုက်အဝန်းများက လူငယ်များကို အမြဲမပြတ် အားပေးအားမြှောက် ပြုနေသင့်ပါသည်။ အချို့နယ်ပယ်များ၊ ကဏ္ဍများသည် လူငယ်များ စတင်ဝင်ရောက်ရန်အတွက် အဟန့်အတား၊ အခက်အခဲများ (barriers to entry) များပြားနေတတ်သည်။ ကြီးမားနေတတ်သည်။ ထိုသို့ စတင်ဝင်ရောက်ရန်ခက်ခဲသော နယ်ပယ်၊ ကဏ္ဍများအတွက် မိဘများ၊ ဆရာများနှင့် လူကြီးများက လက်တွေ့ကျကျ ရှင်းပြဆွေးနွေးပေးခြင်း၊ အကြံဉာဏ်ကောင်းပေးခြင်းဖြင့်လည်း စေ့ဆော်မှုများ ပေးသင့်ပါသည်။

**မိမိဘဝအတွက်၊ မိမိလူ့အဖွဲ့အစည်းအတွက် မိမိသာလျှင်ပဲ့ကိုင်ရှင်**

လူငယ်များအနေဖြင့် မိမိတို့၏ဘဝတိုးတက်ရေး၊ မိမိတို့ဘဝလမ်းကြောင်းကို ဖြောင့်မှန်စွာ လျှောက်လှမ်းနိုင်ရေးအတွက် အဓိကအကျဆုံးမှာ မိမိကိုယ်တိုင်ဖြစ်သည်ကို သဘောပေါက်ရမည်။ လူငယ်များကိုယ်တိုင်ကလည်း ယှဉ်ပြိုင်လိုစိတ်၊ စွန့်ဦးတီထွင်လိုစိတ်နှင့်အတူ စဉ်းစားတွေးခေါ်မှု၊ နာခံတတ်မှု၊ သင်ယူလိုမှု၊ အတွေ့အကြုံရှိသူများ၏ အကြံဉာဏ်ပေးမှုကို လက်ခံတတ်သည့်စိတ်ကို မွေးမြူထားရမည်။ လုံ့လဝီရိယဖြင့် ကြိုးစားအားထုတ်ဆည်းပူး၍ အမြော်အမြင်၊ ဉာဏ်ပညာ၊ ဗဟုသုတများနှင့် ပြည့်စုံသူများ ဖြစ်လာအောင် ပြင်ဆင်ကြရမည်။ မိမိတို့တွင်ရှိသော အရည်အချင်းနှင့် အခြားသူများကပေးသော အကြံဉာဏ်များကို ပေါင်းစပ်ဖန်တီး၍ ရည်မှန်းထားသော ရလဒ်ကောင်းများရရှိစေရန် အားထုတ်နိုင်စွမ်းရှိအောင် ကြိုးစားအားထုတ်သင့်သည်။

လူသည် အသိုင်းအဝိုင်းနှင့် နေတတ်သည့် လူမှုရေးသတ္တဝါ ဖြစ်သည်။ ထို့ကြောင့် မိမိအတွက် ကြိုးစားရင်း မိမိ၏ပတ်ဝန်းကျင်၊ မိမိတို့၏ လူ့အဖွဲ့အစည်း၊ မိမိတို့၏နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ထည့်သွင်းစဉ်းစား လုပ်ကိုင်နေသင့်သည်။ ပြုလုပ်သင့်၊ ပြုလုပ်အပ်သည်များကို ပြုလုပ်ခြင်း၊ ကြိုးစားသင့်၊ ကြိုးစားအပ်သည်တို့ကို ကြိုးစားခြင်းဖြင့် မိမိတစ်ဦးတည်းအကျိုး၊ မိမိပတ်ဝန်းကျင်ရှိ အများအကျိုးတို့ကို ဆောင်ရွက်နိုင်သည့် နိုင်ငံ့သားကောင်း၊ သမီးကောင်းများဖြစ်လာကြလိမ့်မည်။

ထို့ကြောင့် လူငယ်များသည် လူငယ်ဘဝကတည်းက ကောင်းမွန်သောစိတ်ထားများဖြင့် ကြိုးစားအားထုတ်လုပ်ဆောင်ခြင်းဖြင့် အသက်အရွယ်ကြီးမြင့်လာသည်နှင့်အမျှ အသိတရားပြည့်ဝသော၊ ဆင်ခြင်တုံတရားနှင့် ဉာဏ်ပညာကြီးမားသော နိုင်ငံကြီးသားပီသသူများအဖြစ် အနာဂတ်မျိုးဆက်ကိုပါ အမွေကောင်းများကို ထပ်ဆင့် လက်ဆင့်ကမ်းနိုင်ပေလိမ့်မည်။

**လူငယ်နှင့်ငြိမ်းချမ်းရေး**

ယနေ့မြန်မာနိုင်ငံတွင် အခြားသော အခက်အခဲပြဿနာများနှင့်အတူ အခြေခံအကျဆုံး လိုအပ်ချက်မှာ ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေး ရရှိမှုဖြစ်သည်။ ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ဂျာမနီနိုင်ငံရေးသမားတစ်ဦးဖြစ်သူ Willy Brandt က **“ငြိမ်းချမ်းရေးဟာ အရာရာတိုင်းကို မလုပ်ပေးနိုင်ပေမယ့် ငြိမ်းချမ်းရေးမရှိရင်တော့ ဘာမှမဖြစ်နိုင်ဘူး”** ဆိုသည့်စကားကို ဖတ်မှတ်ဖူးပါသည်။ ထို့ကြောင့် ဖွံ့ဖြိုးတိုးတက်မှုလိုလားသည့်လူသားတိုင်း ငြိမ်းချမ်းရေးကို တောင့်တနေကြခြင်းဖြစ်သည်။ မြန်မာ့လူ့အဖွဲ့အစည်းတွင်လည်း ငြိမ်းချမ်းရေးသည် အလိုလားအတောင့်တဆုံးအရာ။ နေ့အချိန်တွင်လည်း ငြိမ်းချမ်းရေး၊ ညအချိန်အခါရောက်လည်း ငြိမ်းချမ်းရေး။ ပြည်သူများ အချိန်တိုင်းငံ့လင့်နေကြသည်မှာ ငြိမ်းချမ်းရေး။ ဆိုရလျှင် နှစ်ဆယ့်လေးနာရီလုံးလုံး တောင့်တနေကြသည်မှာ ငြိမ်းချမ်းရေးပင် ဖြစ်ပါတော့သည်။

ထိုသို့ လူ့အဖွဲ့အစည်းအတွင်းရှိ အားလုံး လိုလားတောင့်တနေသော ငြိမ်းချမ်းမှုရရှိရေးအတွက် လူငယ်တို့၏ လတ်ဆတ်သော အယူအဆ၊ အတွေးအခေါ်သစ်များဖြင့် ဖန်တီးနိုင်ရေး မျှော်လင့်ကြသည်။

ယှဉ်ပြိုင်လိုသောလူငယ်၊ စွန့်ထွင်လုပ်ကိုင်လိုသော လူငယ်တို့၏ စိတ်ဓာတ်စွမ်းရည်ဖြင့် နယ်ပယ်စုံတွင် ဆန်းသစ်တီထွင်မှုများ ဖန်တီးပေးခြင်း၊ မြှင့်တင်ပေးခြင်းတို့ကို ပြုလုပ်နိုင်သဖြင့် နိုင်ငံရေး ပဋိပက္ခများအပါအဝင် ပြဿနာ၊ အခက်အခဲမျိုးစုံ ဖြေရှင်းရာတွင် အထောက်အကူများစွာ ဖြစ်စေလိမ့်မည်ဟု ယုံကြည်ထားကြသည်။ လူငယ်တို့၏ စွမ်းပကားဖြင့် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေး ရလဒ်ကို ဆုပ်ကိုင်နိုင်မည်ဟု မျှော်လင့်နေကြသည်။

**ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးပန်းတိုင်ကို မိမိရရလှမ်းကိုင်နိုင်ရေး**

လူငယ်များတွင် ပိုင်ဆိုင်ထားသော ယှဉ်ပြိုင်ကြိုးစားလိုသည့်စိတ်၊ စွန့်ထွင်ဦးစီးလုပ်ကိုင်လိုစိတ်တို့သည် ၎င်းတို့ တစ်ဦးတစ်ယောက်စီ၏ ကိုယ်ပိုင်ရည်မှန်းချက်များအတွက်သာမက နိုင်ငံတစ်နိုင်ငံ၊ လူ့အဖွဲ့အစည်းတစ်ရပ်၏ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ် အရေးပါသည့် အခြေခံအကြောင်းတရားဟုဆိုပါလျှင် မည်သူမျှ ငြင်းဆိုလိမ့်မည်မဟုတ်ပေ။

သို့ဖြစ်ပါ၍ ယှဉ်ပြိုင်လိုမှု၊ စွန့်ထွင်ဦးစီးလုပ်ကိုင်မှုကြောင့် လူငယ်တို့၏ စိတ်ထားနှလုံးသားများနှင့် ဦးနှောက်တို့တွင် ဖြစ်တည်လာသော လန်းဆန်းတက်ကြွသည့် အတွေးအခေါ်၊ အယူအဆ၊ စိတ်ကူးစိတ်သန်းများကို အသုံးချ၍ နိုင်ငံတော်အတွက် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးပန်းတိုင်ကို မိမိရရလှမ်းကိုင်နိုင်ရေး ဆောင်ရွက်နိုင်ပါစေကြောင်း မျှော်လင့်ရေးသားလိုက်ရပေသတည်း။ ။

ဒေါက်တာသုတအောင်သည် မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင်တွင် ၂၀၁၈ မှစ၍ အဖွဲ့ဝင် (စီးပွားရေးပညာရှင်) အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ဈေးကွက်သုတေသနလုပ်ငန်းကို ၂၀၁၂ မှ စလုပ်ကိုင်ခဲ့သည်။ ထိုမတိုင်ခင် အင်္ဂလန်နိုင်ငံ၊ မလေးရှားနိုင်ငံများတွင် တက္ကသိုလ်ဆရာအလုပ် လုပ်ခဲ့သည်။ ၂၀၁၇ မှ ယနေ့အထိ ပြည်သူ့ဝန်ထမ်းတက္ကသိုလ်တွင် ပြင်ပပညာရှင်အဖြစ် ပုံမှန် ဟောပြောပို့ချသည်။ Durham University မှ စီးပွားရေးပါရဂူဘွဲ့ရ၍ အနုညာတခုံသမာဓိပညာ Member of the Chartered Institute of Arbitrators လည်းဖြစ်သည်။

# အင်ဒိုနီးရှား၌ ပြည်သူ့ကျောင်း ၁၆၆ ကျောင်း ဖွင့်လှစ်



**ဂျကာတာ ဇန်နဝါရီ ၁၂**

အင်ဒိုနီးရှားအစိုးရသည် နိုင်ငံအတွင်း တန်းတူညီမျှမှုရှိသည့် ပညာသင်ယူခွင့် ရရှိရေးကြိုးပမ်းမှုအဖြစ် ပြည်သူ့ကျောင်း ၁၆၆ ကျောင်းကို ဇန်နဝါရီ ၁၂ ရက်က ဖွင့်လှစ်ခဲ့ကြောင်း သမ္မတပရာဘိုဝို ဆူဘီရန်တိုက ပြောကြားသည်။

ကျောင်းများ ဖွင့်လှစ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့သည့် အဖွဲ့အစည်းများကို ကျေးဇူးတင်ရှိကြောင်း၊ ယခု ဆောင်ရွက်ချက်သည် ပညာရေးကဏ္ဍ ဖွံ့ဖြိုးရေးအတွက် ကြီးမားသည့်ခြေလှမ်း တစ်ရပ်ဖြစ်ပြီး ကြိုးပမ်းဆောင်ရွက်မှု ရလဒ်များကို မျက်ဝါးထင်ထင်မြင်တွေ့ ခဲ့ရကြောင်း တောင်ကာလီမန်တန် ပြည်နယ် ဗန်ဂျာဗာရူမြို့တွင်ကျင်းပသည့် ကျောင်းများဖွင့်လှစ်သည့် အခမ်းအနား တွင် သမ္မတ ပရာဘိုဝို ဆူဘီရန်တိုက ပြောကြားသည်။ သမ္မတပရာဘိုဝို ဦးဆောင်သည့် ပြည်သူ့ကျောင်းများ အစီအစဉ်သည် ဆင်းရဲနွမ်းပါးသည့် နိုင်ငံ သားများအား ပညာသင်ခွင့်ရရှိရေး ဆောင်ရွက်ခြင်းဖြစ်ပြီး ကျောင်းများ ကို ပြီးခဲ့သည့်နှစ် ဇူလိုင်လမှစတင်၍ လုပ်ငန်းများ စတင်ဆောင်ရွက်စေခဲ့ ကြောင်း သိရသည်။ နိုင်ငံအတွင်းရှိ ပြည်နယ် ၃၄ ခု၊ ဒေသ ၁၃၁ ခုနှင့် မြို့များ တွင် အဆိုပါကျောင်းများကို ဖွင့်လှစ်ခဲ့ ကြောင်းနှင့် ယင်းကျောင်းများတွင် ကျောင်းသား ၁၅၉၅၄ ဦး၊ ဆရာ ဆရာမ ၂၂၁၈ ဦးနှင့် ပညာရေးဝန်ထမ်း ၄၈၈၉ ဦးရှိကြောင်း သိရသည်။ အစိုးရအနေဖြင့် ၂၀၂၉ ခုနှစ်အရောက်တွင် ပြည်သူ့ကျောင်း ၅၀၀ အထိ ဖွင့်လှစ်ရေးဆောင်ရွက် မည်ဖြစ်ကြောင်းနှင့် အနာဂတ်တွင် ကျောင်းသားအရေအတွက် ၅၀၀၀၀၀ အထိ ပညာသင်ကြားနိုင်ရေး ဆောင်ရွက် မည်ဟု သမ္မတ ပရာဘိုဝိုဆူဘီရန်တိုက ပြောကြားသည်။ နိုင်ငံအတွင်း ဆင်းရဲ နွမ်းပါးမှု တိုက်ဖျက်ရေးဆောင်ရွက် မည့် ကတိကဝတ်ကို အတည်ပြုခဲ့ပြီး ဆင်းရဲနွမ်းပါးမှုနှင့် အငတ်ဘေးတိုက်ဖျက် ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လူထုလူတန်းစားအသီးသီးမှ ညီညွတ် စွာပူးပေါင်းဆောင်ရွက်ရန် သမ္မတ ပရာဘိုဝိုဆူဘီရန်တိုက တိုက်တွန်းခဲ့ သည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**

# ကမ္ဘောဒီးယားနိုင်ငံ၌ ကားတာယာစက်ရုံ ဖွင့်လှစ်



**ဖနောင်ပင် ဇန်နဝါရီ ၁၂**

တရုတ်နိုင်ငံက ရင်းနှီးမြှုပ်နှံသည့် ကားတာယာစက်ရုံကို ကမ္ဘောဒီးယား နိုင်ငံ အက်ဗေရီအမ်ပြည်နယ်တွင် ဇန်နဝါရီ ၁၂ ရက်က ဖွင့်လှစ်ခဲ့ကြောင်း ကမ္ဘောဒီးယားနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေး ကောင်စီ သတင်းထုတ်ပြန်ချက်အရ သိရသည်။ တရုတ်ကွမ်ကျိုးစက်မှု လုပ်ငန်းရင်းနှီးမြှုပ်နှံမှုအုပ်စု၏ လုပ်ငန်း ခွဲဖြစ်သည့် ဝမ်လီတိုင်ယာကုမ္ပဏီ၏ တာယာစက်ရုံသည် ကမ္ဘောဒီးယားနိုင်ငံ ဆန်ဗေဗက် အထူးစီးပွားရေးဇုန်တွင် တည်ရှိသည်။ ကမ္ဘောဒီးယားနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုပြုရန် ရွေးချယ်ခဲ့သည့် အတွက် ဝမ်လီတိုင်ယာကုမ္ပဏီအား ကျေးဇူးတင်ရှိကြောင်း ကမ္ဘောဒီးယား နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ကမ္ဘောဒီးယား နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ ဆန်ချန်သောက ပြောကြားသည်။ လက်ရှိအချိန်တွင် စက်ရုံ၏ ပထမအဆင့် လုပ်ငန်းဆောင်ရွက်မှုများကို စတင်နေ ကြောင်း ၎င်းက ပြောကြားသည်။ ယခု ကဲ့သို့ တရုတ်နိုင်ငံမှ လုပ်ငန်းက ကမ္ဘောဒီးယားနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံ ခြင်းဖြင့် ကမ္ဘောဒီးယားနိုင်ငံ၏ ရင်းနှီး မြှုပ်နှံမှုအခြေအနေ တိုးတက်လာခြင်းကို ပြသနေကြောင်း ၎င်းက ပြောကြားသည်။ စက်ရုံဖွင့်လှစ်ခြင်းဖြင့် ဒေသခံများ အတွက် အလုပ်အကိုင်များ ရရှိစေမည် ဖြစ်ပြီး နည်းပညာဆိုင်ရာ အကျိုးကျေးဇူး များရရှိမည်ဟု ၎င်းက ပြောကြားသည်။ ဒေသခံ ရော်ဘာထုတ်လုပ်သူများ၏ လူမှုစီးပွားဘဝများ မြင့်တက်စေရေး အကူအညီပေးမည်ဖြစ်ကြောင်း ဆန်ချန် သောက ပြောကြားသည်။ ကမ္ဘောဒီးယား နိုင်ငံသည် ယခုနှစ်အတွင်း ကန်ဒေါ်လာ ၁ ဒသမ ၂၂ ဘီလီယံရှိသည့် ကားတာယာ များကို ပြည်ပတင်ပို့ခဲ့ကြောင်း စီးပွားရေး နှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မှတ်တမ်းအရ သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**

# မလေးရှားနိုင်ငံရှိ စီးပွားရေးလုပ်ငန်းများတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် သုံးစွဲမှုမြှင့်တင်

**ကွာလာလမ်ပူ ဇန်နဝါရီ ၁၂**

မလေးရှားနိုင်ငံ၏ စီးပွားရေးလုပ်ငန်းများ၏ ၉၁ ရာခိုင်နှုန်းကို ၂၀၂၈ ခုနှစ်အရောက် တွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သုံးစွဲမှုမြှင့်တင်ခြင်းနှင့်အတူ ဒစ်ဂျစ်တယ် အသွင် ကူးပြောင်းခြင်းနှင့် ဉာဏ်ရည်တုနည်းပညာ သုံးစွဲမှုမြှင့်တင်ရေးဆောင်ရွက်မည်ဖြစ် ကြောင်း သိရသည်။

နိုင်ငံအတွင်း လျှပ်စစ်မီးရရှိရေးဆောင်ရွက်ခြင်း၊ လျှပ်စစ်ကားများအသုံးပြုမှု များလာခြင်းနှင့် ဉာဏ်ရည်တုနည်းပညာ သုံးစွဲမှုများလာခြင်းတို့ကြောင့် ယခုကဲ့သို့ ဆောင်ရွက်ခြင်းဖြစ်ကြောင်း တာဝန်ရှိသူများက ပြောသည်။ နိုင်ငံအတွင်း အမျိုးသား လျှပ်စစ်အသွင်ကူးပြောင်းရေးလုပ်ငန်းအရ ၂၀၅၀ ပြည့်နှစ်တွင် ဓာတ်အားသုံးစွဲမှု၏ ၇၀ ရာခိုင်နှုန်းကို ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်မှရယူရေး ရည်မှန်းဆောင်ရွက်နေသည်။ နိုင်ငံအတွင်းရှိ လုပ်ငန်းများ၏ ၈၃ ရာခိုင်နှုန်းသည် လျှပ်စစ်မီးရရှိရေးလုပ်ငန်း၊ ကာဗွန် ထုတ်လွှတ်မှုလျှော့ချရေးနှင့် စွမ်းအင်ဆိုင်ရာ ကုန်ကျစရိတ်များ လျှော့ချရေးကဏ္ဍများ တွင် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်နေပြီး လုပ်ငန်းများ၏ ၇၂ ရာခိုင်နှုန်းသည် အိမ်ခေါင်မိုး ဆိုလာလျှပ်စစ်ထုတ်လွှတ်ရေးလုပ်ငန်းဆောင်ရွက်နေကာ ၅၄ ရာခိုင်နှုန်းမှာ ပိုနေသည့် ဓာတ်အားများကို ပင်မလျှပ်စစ်ဓာတ်အားပေးစနစ်သို့ ပြန်လည်ရောင်းချရေးဆောင် ရွက်နေကြောင်း သိရသည်။ နိုင်ငံအတွင်းရှိ ထုတ်လုပ်ရေးလုပ်ငန်းများနှင့် သတင်း အချက်အလက်နည်းပညာလုပ်ငန်းများသည် လက်ရှိအချိန်တွင် ဓာတ်အားသုံးစွဲမှု မြင့်တက်လာကြောင်း သိရသည်။ နိုင်ငံအတွင်းရှိ စွမ်းအင်ဖြန့်ဖြူးရေးလုပ်ငန်းများ၊ မူဝါဒချမှတ်သူများနှင့် ဝန်ဆောင်မှုလုပ်ငန်းများအကြား ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ခြင်းဖြင့် နိုင်ငံ၏စွမ်းအင်အနာဂတ်ကို ကောင်းလာစေမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**

# ဗီယက်နမ်နိုင်ငံ၌ ရောဂါကူးစက်ထားသည့် ဝက်သားများကို စားသောက်ကုန်ထုတ်လုပ်ရာတွင် သုံးစွဲသဖြင့် အရေးယူ



**ဟန်နွိုင်း ဇန်နဝါရီ ၁၂**

ဗီယက်နမ်ရဲတပ်ဖွဲ့သည် နိုင်ငံရှိ ဟာလောင်းစည်သွတ်ဘူးလုပ်ငန်း မှ အမှုဆောင်အရာရှိချုပ်တစ်ဦးကို အာဖရိက ဝက်အပြင်းဖျားရောဂါ ပိုးကူးစက်ခံထားရသည့် ဝက်သား တန်ချိန် ၁၃၀ ကို စားသောက်ကုန် ထုတ်လုပ်ရာတွင် သုံးစွဲခဲ့သည့် အတွက် ဖမ်းဆီးခဲ့ကြောင်း သိရ သည်။

၎င်းစားသောက်ကုန်လုပ်ငန်း သိုလှောင်ရုံတွင် အာဖရိကဝက် အပြင်းဖျားရောဂါကူးစက်ခံထား ရသည့်ဝက်များမှ ရယူခဲ့သည့် ဝက်သားများကို သိုလှောင်ခဲ့သည့် အတွက် အမှုဆောင်အရာရှိချုပ် ထရူအုံ ဆေတုန်အား ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့သည်။ စားသောက်ကုန် အရည်အသွေးမမီသည့် ဝက်သား များကို သိုလှောင်သိမ်းဆည်း သည့်လုပ်ငန်းများတွင် တိုက်ရိုက် ပတ်သက်ကြောင်း တာဝန်ရှိသူ များက ပြောသည်။ အဆိုပါ လုပ်ငန်းမှ ကုန်ကြမ်းစစ်ဆေး သည့် လုပ်သားသုံးဦးကိုလည်း ဖမ်းဆီးခဲ့သည်။

၂၀၂၅ ခုနှစ် စက်တင်ဘာလ အတွင်းက ဟိုင်ဖောင်ပြည်နယ် ရဲတပ်ဖွဲ့ဝင်များသည် ယာဉ်နှစ်စင်း အား စစ်ဆေးခဲ့ရာမှ ဝက်သား မက်ထရစ်တန် ၁ ဒသမ ၂ တန် ကို တင်ဆောင်ခဲ့ကြောင်းနှင့် ၎င်းဝက်သားများတွင် အာဖရိက ဝက်အပြင်းဖျားရောဂါ ကူးစက် ခံရကြောင်း စစ်ဆေးတွေ့ရှိခဲ့ သည်။

**ကိုးကား - VN Express**
**ဘာသာပြန် - စိုးသူရ**



# အင်ဒိုနီးရှား၌ ပြည်ပမှ ဒီဇယ်သွင်းကုန်များ တင်သွင်းခြင်းကို ၂၀၂၆ ခုနှစ်မှစတင်၍ ရပ်နားမည်

**ဂျကာတာ ဇန်နဝါရီ ၁၂**

အင်ဒိုနီးရှားနိုင်ငံသည် ပြည်ပမှ ဒီဇယ်သွင်းကုန် များတင်သွင်းခြင်းကို ၂၀၂၆ ခုနှစ်မှစတင်၍ ရပ်နား မည်ဖြစ်ကြောင်း စွမ်းအင်နှင့် သတ္တုအရင်းအမြစ် ဝန်ကြီး ဗာလီလာဟာ ဒါလီယာက ပြောကြားသည်။

ပြည်တွင်းတွင် လောင်စာဆီထုတ်လုပ်မှုစွမ်းရည် မြှင့်တင်ခဲ့ပြီးနောက် အထက်ပါအတိုင်း ဆောင်ရွက် ခြင်းဖြစ်သည်။ ယခုနှစ်မှစတင်၍ ဒီဇယ်ဆီတင်သွင်း ခွင့် ခွင့်ပြုချက်လက်မှတ် ထုတ်ပေးမည်မဟုတ် ကြောင်း ၎င်းက ပြောကြားသည်။ သို့ရာတွင် ယမန်နှစ် က ခွင့်ပြုပေးခဲ့ခြင်းကြောင့် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီ လတို့တွင် ဒီဇယ်ဆီများပြည်တွင်းသို့ ရောက်ရှိလာ မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ နိုင်ငံ အတွင်း ယခုနှစ်မှစတင်၍ လောင်စာဆီထုတ်လုပ် သည့်နေရာများရှိနေခြင်းကြောင့် သမ္မတပရာဘိုဝို ဆူဘီရန်တို၏ ညွှန်ကြားမှုအရ ဒီဇယ်သွင်းကုန်များကို ခွင့်ပြုမည်မဟုတ်ကြောင်း ၎င်းက ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**

# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း (၂) ကျင်းပစဉ် အကြမ်းဖက်သောင်းကျန်းသူအဖျက်သမားအုပ်စုက အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင် နိုင်ငံတော်အစိုးရ၏ဦးဆောင်မှု ပြည်သူလူထု၏လိုက်ပါဆောင်ရွက်မှုတို့ဖြင့် ရွေးကောက်ပွဲအပိုင်း(၂)အောင်မြင်စွာ ကျင်းပပြီးစီး

နေပြည်တော် ဇန်နဝါရီ ၁၂

နိုင်ငံတော်အစိုးရ အနေဖြင့် ပါတီစုံဒီမိုကရေစီ စနစ်ကို တည်ဆောက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ခေတ်မီ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင် ရွက်လျက်ရှိပြီး ပါတီစုံဒီမိုကရေစီ စနစ်ဖော်ဆောင်နိုင်ရေးအတွက် အဓိကကျသည့် လုပ်ငန်းစဉ်ဖြစ် သည့်ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကို နိုင်ငံတော်အစိုးရ ၏ ဦးဆောင်မှု၊ ပြည်သူလူထု၏ လိုက်ပါဆောင်ရွက်မှုတို့ဖြင့် အပိုင်း လိုက် ကျင်းပဆောင်ရွက်ပေးလျက် ရှိရာ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အပိုင်း (၂) ကို အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည်။



အကြမ်းဖက် အဖျက်သမားသောင်းကျန်းသူအုပ်စုက စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့အနီးဝန်းကျင်၌ Drop Bomb ချ တိုက်ခိုက်ရန် ချဉ်းကပ်လာစဉ် ပျက်ကျခဲ့သည့် Drone တစ်စီးကို တွေ့ရစဉ်။



အကြမ်းဖက် အဖျက်သမားသောင်းကျန်းသူအုပ်စုက တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် တောင်သုံးလုံးကျေးရွာရှိ ကျေးရွာအုပ်ချုပ်ရေးမှူးနေအိမ်အား မီးရှို့ဖျက်ဆီးထားမှုကို တွေ့ရစဉ်။


ထိုသို့ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း (၂)ကျင်းပသည့် ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၁ ရက်တွင် လည်း နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို နှောင့်ယှက် ဖျက်ဆီးလိုသူများ၊ အစိုးရနှင့် ပြည်သူတို့၏ လက်တွဲညီစွာ ကြိုးပမ်း ဆောင်ရွက်မှုများကို မလိုလားဘဲ ပြည်သူလူထု၏ လူမှု စီးပွားဘဝကို ပျက်စီးစေပြီး ရွေးကောက်ပွဲ အထမမြောက် စေလိုသူ အကြမ်းဖက်သမားများ က အေးချမ်းစွာဆန္ဒမဲပေးမှုများ ဆောင်ရွက်နေကြသည့် မဲဆန္ဒရှင် ပြည်သူများ အထိတ်တလန့်ဖြစ်စေ ရေးအတွက် နှောင့်ယှက်တိုက်ခိုက် ခြင်းများကို လုပ်ဆောင်ခဲ့ကြသည်။

ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအပိုင်း (၂) ကျင်းပ သည့် ဇန်နဝါရီ ၁၁ ရက်တွင် ဆန္ဒမဲ ပေးနေကြသည့် မဲဆန္ဒရှင်ပြည်သူ များ သေဆုံး၊ ဒဏ်ရာရ၊ အထိတ် တလန့်ဖြစ်စေပြီး ရွေးကောက်ပွဲ အထမမြောက်စေရန် ရည်ရွယ် ချက်များဖြင့် အကြမ်းဖက် သောင်းကျန်းသူ အဖျက်သမား အုပ်စုသည် ကယားပြည်နယ် ဖရူဆိုမြို့အတွင်းသို့ Drone များ အသုံးပြု၍ Drop Bomb ချ တိုက်ခိုက်ခြင်း၊ တနင်္သာရီတိုင်း ဒေသကြီး ကျွန်းစုမြို့နယ် ကမ်းကြီး အုပ်စု တောင်သုံးလုံးကျေးရွာ၏ ကျေးရွာအုပ်ချုပ်ရေးမှူး နေအိမ် ကို မီးရှို့ဖျက်ဆီးခြင်း၊ မကွေး တိုင်းဒေသကြီး ဂန့်ဂေါမြို့၊ ဆိပ်ဖြူ မြို့၊ စလင်းမြို့နှင့် ကံမမြို့များ အတွင်းသို့ Fixed Wing များ၊ ရှော့တိုက်ဒုံးများ၊ Drop Bomb များ၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ စစ်ကိုင်း တိုင်းဒေသကြီး ချောင်းဦးမြို့၊ ဘုတလင်မြို့နှင့် မြင်းမူမြို့များ အတွင်းသို့ လက်လုပ်ရှော့တိုက်ဒုံး များ၊ Drop Bomb များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ ပဲခူးတိုင်း ဒေသကြီး ထန်းတပင်မြို့အတွင်း သို့ Drop Bomb များ ပစ်ချ တိုက်ခိုက်ခြင်း စသည့်အကြမ်းဖက် လုပ်ရပ်များ လုပ်ဆောင်ခဲ့ကြ သဖြင့် သစ္စာရှိ နိုင်ငံ့ဝန်ထမ်းနှစ်ဦး သေဆုံးခဲ့ပြီး ဝန်ထမ်းနှစ်ဦးနှင့် အပြစ်မဲ့အရပ်သားပြည်သူ တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

အကြမ်းဖက် အဖျက်သမား သောင်းကျန်းသူအုပ်စုများ အနေ ဖြင့် ပြည်သူလူထုက လိုလား တောင့်တနေသည့် ပါတီစုံဒီမို ကရေစီစနစ်ကို ဦးတည်သည့် လမ်းကြောင်းဖြစ်သော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက် ပွဲလုပ်ငန်းစဉ်များ အောင်မြင်မှု မရှိ စေရေး၊ နိုင်ငံတော်တည်ငြိမ် အေးချမ်းမှုမရှိစေရေး၊ အစိုးရနှင့် ပြည်သူလက်တွဲ၍ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ် များ ဆောင်ရွက်နေမှုတို့တွင် နှောင့်နှေးစေရေးနှင့် ရွေးကောက် ပွဲဆိုင်ရာလုပ်ငန်းစဉ်များ ထိခိုက် ပျက်စီးစေရန်အတွက် ရွေးကောက် ပွဲ အကြိုကာလများမှ စတင်၍ အသံမိုင်းများ၊ လက်လုပ်မိုင်းများ နှင့် Drop Bomb များဖြင့် ဖောက်ခွဲ တိုက်ခိုက်ခြင်း၊ ခြိမ်းခြောက်စာ များပေးပို့ခြင်း၊ ပြည်ဖျက် ပြည်ပြေး မီဒီယာများမှတစ်ဆင့် မမှန်မကန် ဝါဒဖြန့် လုပ်ကြံရေးသားဖြန့်ဝေ ခြင်း စသည်ဖြင့် နည်းမျိုးစုံဖြင့် အဖျက်အမှောင့် လုပ်ငန်းများကို လုပ်ဆောင်လျက် ရှိသော်လည်း ပြည်သူလူထုဘဝ တည်ငြိမ် အေးချမ်းရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေး လုပ်ငန်းစဉ်များကို အစိုးရနှင့် ပြည်သူလက်တွဲ၍ ဆက်လက် ဆောင်ရွက်လျက် ရှိသည်။



အကြမ်းဖက် အဖျက်သမားသောင်းကျန်းသူအုပ်စုက ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့ အထွေထွေ အုပ်ချုပ်ရေးမှူးရုံး၌ Drone တစ်စီးဖြင့် Drop Bomb ချ တိုက်ခိုက်စဉ် ပျက်စီးမှုများကို တွေ့ရစဉ်။



အကြမ်းဖက် အဖျက်သမားသောင်းကျန်းသူအုပ်စုက မကွေး တိုင်းဒေသကြီး စလင်းမြို့အနီးဝန်းကျင်၌ ပစ်ခတ်တိုက်ခိုက်ခဲ့သည့် လက်လုပ် Fixed Wing Drone တစ်စီးကို တွေ့ရစဉ်။

လက်ရှိတွင်လည်း ပါတီစုံဒီမို ကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း (၁)နှင့် အပိုင်း (၂) ကို နှောင့်ယှက်ဖျက်ဆီးမှုများအကြား မှ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီ ဖြစ်ပြီး သိမ်မွေ့သောနည်းလမ်း ဖြင့် ပါတီစုံဒီမိုကရေစီ စနစ်ကို ဆက်လက် လျှောက်လှမ်းနိုင်ရေး အတွက် ဒီမိုကရေစီစနစ်ကို ထောက်ခံကြိုဆိုကြသည့်၊ နိုင်ငံတော် အေးချမ်းသာယာမှုနှင့် ပြည်သူလူထု၏လူမှုဘဝတိုးတက် မြင့်မားမှုကို လိုလားကြသည့် တာဝန်သိပြည်သူများ အနေဖြင့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအပိုင်း(၃) အောင်မြင် စွာ ကျင်းပနိုင်ရေးအတွက်လည်း သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် အတူ ပူးပေါင်းဆောင်ရွက်ကြရန် နှင့် အကြမ်းဖက်သမားများ၏ လှုပ်ရှားမှုသတင်းများ၊ သံသယ ဖြစ်ဖွယ်ရာများကို တွေ့ရှိပါက သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ အချိန်နှင့်တစ်ပြေးညီ ဆက်သွယ် သတင်းပေးပို့နိုင်ပါရန် တိုက်တွန်း သတင်းထုတ်ပြန်ထားသည်။

**သတင်းစဉ်**



အကြမ်းဖက် အဖျက်သမားသောင်းကျန်းသူအုပ်စုက ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ်ရဲစခန်း၌ Drone တစ်စီးဖြင့် Drop Bomb ချ တိုက်ခိုက်ခဲ့စဉ် ပေါက်ကွဲသည့်နေရာကို တွေ့ရစဉ်။



အကြမ်းဖက် အဖျက်သမားသောင်းကျန်းသူအုပ်စုက မကွေး တိုင်းဒေသကြီး ဂန့်ဂေါမြို့အနီးဝန်းကျင်၌ Drone တစ်စီးဖြင့် Drop Bomb ချ တိုက်ခိုက်ခဲ့ရာ နိုင်ငံ့ဝန်ထမ်းအိမ်ရာအတွင်း ကျရောက် ပေါက်ကွဲခဲ့မှုကို တွေ့ရစဉ်။



အကြမ်းဖက် အဖျက်သမားသောင်းကျန်းသူအုပ်စုက မကွေး တိုင်းဒေသကြီး ဆိပ်ဖြူမြို့အနီးဝန်းကျင်၌ ရှော့တိုက်ဒုံး သုံးလုံးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့စဉ် ကျရောက်ပေါက်ကွဲခဲ့သည့်နေရာနှင့် လက်လုပ်ဒုံးအပိုင်းအစကို တွေ့ရစဉ်။

❖ **ကျောဖုံးမှ**

အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများအား တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ဒေသခံပြည်သူများ၊ ကျောင်းသား ကျောင်းသူများက အောင်သပြေခက်များဖြင့်လည်းကောင်း၊ ဘင်ခရာ၊ အတီး၊ အမှုတ်၊ အကအလှများဖြင့် လည်းကောင်း ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုခဲ့ကြပြီး တိုင်းမှူးက အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



☆ **သီပေါမြို့နယ်မှ**

အဆိုပါနေရာမှ သိမ်းဆည်းရမိသော မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ပစ္စည်းကိရိယာများကိုလေ့လာဖော်ထုတ်သုံးသပ်ချက်အရ အိုက်စ် ၂၇ တန်(သို့မဟုတ်) စိတ်ကြွဆေးပြား သန်း ၈၁၀ ခန့်ထက် ပိုမိုများပြားသည့် မူးယစ်ဆေးဝါးများကို ပုံမှန်ထုတ်လုပ်နေခြင်းဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။

အဆိုပါ ဒုတိယနေရာနှင့် ၎င်း၏အနောက်တောင်ဘက်၁၉ကီလိုမီတာခန့်အကွာ တတိယနေရာတို့တွင် GUAN YIN WANG စာတန်းပါ ထုပ်ပိုးခွံများနှင့် တရုတ်စာတန်းပါ ထုပ်ပိုးခွံအမြောက်အမြားကိုလည်း သိမ်းဆည်းရမိခဲ့သည်။ ၂၀၂၅ ခုနှစ်အတွင်း မြန်မာတစ်နိုင်ငံလုံးတွင် သိမ်းဆည်းရမိခဲ့သည့် အိုက်စ် ၃၇ ဒသမ ၈၁၅ တန်အနက် GUAN YIN WANG စာတန်းပါ ထုပ်ပိုးခွံဖြင့် ထုပ်ပိုးထားသည့် အိုက်စ် ၁၁ ဒသမ ၆၈၆ တန်နှင့် တရုတ်စာတန်းပါ ထုပ်ပိုးခွံဖြင့် ထုပ်ပိုးထားသည့် အိုက်စ် သုည ဒသမ ၉၆ တန် စုစုပေါင်း ၁၂ ဒသမ ၆၄၆ တန်(စုစုပေါင်း ကာလတန်ဖိုးငွေကျပ် ၂၅၂ ဒသမ ၉၂ ဘီလီယံ) သိမ်းဆည်းရမိခဲ့ကြောင်း စိစစ်တွေ့ရှိရသဖြင့် အဆိုပါနေရာနှစ်ခုမှ ထုတ်လုပ် ဖြန့်ဖြူးခဲ့သည့် ပမာဏမှာ ၂၀၂၅ ခုနှစ်အတွင်း တစ်နိုင်ငံလုံး၌ သိမ်းဆည်းရမိခဲ့သည့် အိုက်စ် ပမာဏ၏ ၃၃ ဒသမ ၄၄ ရာခိုင်နှုန်းခန့်ရှိကြောင်း ဖော်ထုတ်တွေ့ရှိရသည်။

သို့ဖြစ်ပါ၍ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၀ ရက်၊ ၁၁ ရက်တို့တွင် ဖော်ထုတ်သိမ်းဆည်းရမိခဲ့သည့် မူးယစ်ဆေးဝါးချက်လုပ်သည့်နေရာ သုံးခုသည် မြန်မာနိုင်ငံအတွင်း မူးယစ်ဆေးဝါးထုတ်လုပ်သည့် ပင်ရင်းနေရာများဖြစ်ကြောင်း စိစစ်တွေ့ရှိရမှုအား သတင်းထုတ်ပြန်အပ်ပါသည်။ **သတင်းစဉ်**



ယခင်သိမ်းဆည်းရမိခဲ့သည့် DAGUANYIN တံဆိပ် အိုက်စ် ထုပ်ပိုးခွံများကို တွေ့ရစဉ်။



ယခုသိမ်းဆည်းရမိသည့် မိုင်းရယ်မြို့ အနောက်တောင်ဘက် ကီလိုမီတာ ၂၀ ခန့်အကွာ ဒုတိယနေရာတွင် တွေ့ရှိရသည့် ထုပ်ပိုးခွံများကို တွေ့ရစဉ်။



ယခင်သိမ်းဆည်းရမိခဲ့သည့် တရုတ်စာတန်းပါ အိုက်စ် ထုပ်ပိုးခွံများကို တွေ့ရစဉ်။



ယခု သိမ်းဆည်းရမိသည့် မိုင်းရယ်မြို့ အနောက်တောင်ဘက် ကီလိုမီတာ ၂၀ ခန့်အကွာ ဒုတိယနေရာတွင် တွေ့ရှိရသည့် ထုပ်ပိုးခွံများကို တွေ့ရစဉ်။

❖ **အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာ မှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

❖ **အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

# မိတ္ထီလာမြို့နယ် အလည်ရွာကျေးရွာအဝင်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု စစ်ဆေး

**မိတ္ထီလာ ဇန်နဝါရီ ၁၂**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်အတွင်းရှိ အလည်ရွာကျေးရွာအဝင်လမ်းနှင့် ရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းနှင့် Box Culvert နှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ဇန်နဝါရီ ၁၀ ရက်တွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန အင်ဂျင်နီယာချုပ် ဦးလှခိုင်၊ မန္တလေးတိုင်းဒေသကြီးကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်ဇေယျာဝင်းနှင့် မိတ္ထီလာခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဒေါ်နှင်းနှင်းအိလှိုင်တို့က မိတ္ထီလာမြို့နယ်အတွင်းရှိ အလည်ရွာကျေးရွာအဝင်လမ်းနှင့် ရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းနှင့် Box Culvert နှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို စစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါ တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စု(ငွေလုံးငွေရင်း) ဖြည့်စွက်ရန်ပုံငွေကျပ် ၅၆၉ ဒသမ ၂၄၂ သန်းဖြင့် လမ်းအရှည် ၁ ဒသမ ၆၀၉ ကီလိုမီတာ၊ အကျယ် ၃ ဒသမ ၆၆ မီတာ၊ ဒု ၃၂၅ မီလီမီတာရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းနှင့် အရှည် ၁ ဒသမ ၅၂ မီတာ၊ အကျယ် ၇ ဒသမ ၃၂ မီတာ၊ အမြင့် ၁ ဒသမ ၂၂ မီတာရှိ Box Culvert နှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများကို မိတ္ထီလာမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဇန်နဝါရီ ၃ ရက်က စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**



# ရေစကြိုမြို့နယ်၌ မီးဘေးကြိုတင်ကာကွယ်ရေး ဟောပြောခြင်းနှင့် မီးငြိမ်းသတ်ခြင်း သရုပ်ပြ

**ရေစကြို ဇန်နဝါရီ ၁၂**

ရေစကြိုမြို့နယ်တွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်ဦးစီးမှူး ဦးညီညီအောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက ကျောင်းသားမိဘများနှင့် မူလတန်းကြို သားငယ် သမီးငယ်များအား ယနေ့ မွန်းလွဲ ၁ နာရီခွဲက မီးဘေးကြိုတင်ကာကွယ်ရေးဟောပြောခြင်းနှင့် မီးငြိမ်းသတ်နည်း သရုပ်ပြခြင်းကို ရေစကြိုမြို့ မူလတန်းကြိုကျောင်း၌ ကျင်းပသည်။

အဆိုပါ ရေစကြိုမြို့နယ် လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်မိုးသန္တာစုနှင့် ဝန်ထမ်းများ၊ ကျောင်းသားမိဘများနှင့် မူလတန်းကြို သားငယ် သမီးငယ်များအား မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်ဦးစီးမှူး ဦးညီညီအောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးကြိုတင်ကာကွယ်ရေးဆိုင်ရာအချက်များကို ဟောပြောပြီး မူလတန်းကြိုကျောင်းမှ ကျောင်းအုပ်ဆရာမကြီးနှင့် ဝန်ထမ်းများ၊ ကျောင်းသားမိဘများနှင့် မူလတန်းကြို သားငယ် သမီးငယ် ၁၇၀ တို့အား မီးငြိမ်းသတ်နည်း သရုပ်ပြခဲ့ကြောင်း သိရသည်။

**ဝေဇင်မို့(ရေစကြို)**



**လျှပ်စစ်သုံးလျှင် သတိယှဉ်**
**ဝန်အားမမျှ မသုံးရ**

# ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ ဘောဂဗေဒဘာသာရပ် သိကောင်းစရာများ

ဒေါက်တာစုစုမြတ်၊ ပါမောက္ခ(ဌာနမှူး) အသုံးချဘောဂဗေဒဌာန၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် ဘောဂဗေဒဘာသာရပ်နှင့်ပတ်သက်သော အထောက်အကူပြုသိကောင်းစရာများအနေဖြင့် အပိုင်း(၂)ပိုင်းခွဲ၍ ဖော်ပြပါမည်။ ပထမပိုင်းတွင် စာမေးပွဲမေးခွန်းပုံစံကို ဖော်ပြမည်ဖြစ်ပြီး ဒုတိယပိုင်းတွင် ဖြေဆိုပုံ ဖြေဆိုနည်းများနှင့် သတိပြုရမည့်အချက်များကို ရှင်းလင်းပါမည်။

**တက္ကသိုလ်ဝင်စာမေးပွဲမေးခွန်းပုံစံ**

တက္ကသိုလ်ဝင်စာမေးပွဲ ဘောဂဗေဒဘာသာရပ်မေးခွန်းလွှာတွင် မေးခွန်းအမျိုးအစား (၅)မျိုး ပါဝင်သည့် မေးခွန်း(၅)ပုဒ်ပါရှိပါသည်။ မေးခွန်း (၅)ပုဒ်လုံးကို ဖြေဆိုကြရမည်ဖြစ်သည်။ မေးခွန်းအမျိုးအစား (၅)မျိုးမှာ (၁) ဓမ္မဓိဋ္ဌာန်မေးခွန်းများ၊ (၂) အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ (၃) မှတ်စုတိုမေးခွန်း၊ (၄) မှတ်စုရှည်မေးခွန်းနှင့် (၅)တွက်ချက်မှုနှင့်သုံးသပ်ဖြေဆိုမှုများပြုလုပ်ရသည့်မေးခွန်းတို့ဖြစ်သည်။

**မေးခွန်းလွှာအမှတ်ခွဲဝေမှုပုံစံ**

| စဉ် | မေးခွန်းနံပါတ် | မေးခွန်းအမျိုးအစား | | ပေးမှတ် | |
|---|---|---|---|---|---|
| ၁ | ၁ ။ | ဓမ္မဓိဋ္ဌာန်<br>(က) မှား/မှန်<br>( ခ ) အဖြေမှန်ရွေးချယ်<br>( ဂ ) ကွက်လပ်ဖြည့် | <br>(၁၀)ခု<br>(၁၀) ခု<br>(၁၀) ခု | အားလုံးဖြေ<br>(၁ မှတ် x ၁၀ ခု)<br>(၁ မှတ် x ၁၀ ခု)<br>(၁ မှတ် x ၁၀ ခု) | (၃၀) မှတ် |
| ၂ | ၂ ။ | အဓိပ္ပာယ်ဖွင့်ဆိုချက် | (၁၀) ခု | (၅) ခု ရွေးချယ်ဖြေဆို<br>(၂ မှတ် x ၅ ခု) | (၁၀) မှတ် |
| ၃ | ၃ ။ | မှတ်စုတို | (၄) ပုဒ် | (၂ ) ပုဒ်<br>ရွေးချယ်ဖြေဆို<br>(၁၀ မှတ် x ၂ ပုဒ်) | (၂၀) မှတ် |
| ၄ | ၄ ။ | မှတ်စုရှည် | (၂) ပုဒ် | (၁) ပုဒ်<br>ရွေးချယ်ဖြေဆို<br>(၂၀ မှတ် x ၁ ပုဒ်) | (၂၀) မှတ် |
| ၅ | ၅ ။ | တွက်ချက်မှုနှင့်သုံးသပ်ဖြေဆိုမှု | (၂) ပုဒ် | (၂ ) ပုဒ်ဖြေ<br>(၁၀ မှတ် x ၂ ပုဒ်) | (၂၀) မှတ် |
| **စုစုပေါင်း** | | | | | **(၁၀၀)မှတ်** |

အထက်ပါဇယားအရ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၊ ဘောဂဗေဒဘာသာရပ် မေးခွန်းလွှာတွင်ပါဝင်သော မေးခွန်းပုံစံ(၅)မျိုးသည် ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၊ ဘောဂဗေဒဘာသာရပ်မေးခွန်းလွှာတွင်ပါဝင်သော မေးခွန်းပုံစံများနှင့် တူညီပါသည်။ သို့သော် **သတိပြုရမည့်အချက်မှာ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၊ ဘောဂဗေဒဘာသာရပ်တွင် အချို့သော မေးခွန်းနံပါတ်များ၌ ရွေးချယ်ဖြေဆိုရန်ပေးထားသည့် အရေအတွက်ပြောင်းသွားခြင်းပင်ဖြစ်သည်။ မေးခွန်းနံပါတ်(၂) အဓိပ္ပာယ်ဖွင့်ဆိုချက်များ**ကို (၁၀)ခုပေးထားပြီး ကြိုက်နှစ်သက်ရာ(၅)ခုကို ရွေးချယ်ဖြေဆိုရမည်ဖြစ်သည်။ အလားတူပင် **မေးခွန်းနံပါတ်(၄) မှတ်စုရှည်မေးခွန်းတွင်** (က)နှင့် (ခ)ဟူ၍ ရွေးချယ်စရာ(၂)ပုဒ် ပေးထားပြီး ကြိုက်နှစ်သက်ရာ(၁)ပုဒ်ကို ရွေးချယ်ဖြေဆိုရန်ဖြစ်သည်။ မေးခွန်း**နံပါတ်(၅) တွင်** တွက်ချက်မှုနှင့် သုံးသပ်ဖြေဆိုမှုပြုလုပ်ရသည့် မေးခွန်းများကို (က)နှင့် (ခ) ဟူ၍ မေးခွန်း (၂)ပုဒ် မေးထားပြီး ရွေးချယ်စရာမရှိဘဲ (၂)ပုဒ်လုံးကို ဖြေဆိုရပါမည်။

**ဖြေဆိုပုံဖြေဆိုနည်း**

**မေးခွန်းနံပါတ် (၁)**သည် ဓမ္မဓိဋ္ဌာန်မေးခွန်းများဖြစ်သည်။ မေးခွန်းနံပါတ်(၁) ကို ဖြေဆိုနိုင်ရန်အတွက် သင်ခန်းစာတိုင်း၏အဆုံးတွင် ဘောင်ခတ်၍ ဖော်ပြထားသော အဓိကအချက်များကို လေ့လာရုံမျှဖြင့် မလုံလောက်ကြောင်း သတိပြုရပါမည်။ သင်ခန်းစာတွင်ပါရှိသော သဘောတရားများနားလည်သဘောပေါက်မှုကို ဆန်းစစ်သည့် မေးခွန်းဖြစ်သည့်အတွက် သင်ခန်းစာကို ကောင်းစွာနားလည်မှသာ ဖြေဆိုနိုင်မည်ဖြစ်ပါသည်။ မေးခွန်းနံပါတ်(၁)အတွက် စုစုပေါင်းပေးမှတ်မှာ (၃၀)မှတ်ဖြစ်သည်။ မေးခွန်းနံပါတ်(၁)ကို (က)၊ (ခ) နှင့် (ဂ) ဟူ၍ (၃) ပိုင်းခွဲထားသည်။

**မေးခွန်း (၁-က)** ။ ။ ဤမေးခွန်းတွင် ဖော်ပြချက် (၁၀)ခုပါရှိပြီး ပေးထားသောဖော်ပြချက်ကို **မှား** သို့မဟုတ် **မှန်** ဖြေဆိုရန်ဖြစ်ပါသည်။ မေးခွန်းစာကြောင်းပြန်ရေးရန်မလိုဘဲ အဖြေကိုသာ နံပါတ်တပ်၍ ဖြေဆိုရန်ဖြစ်သည်။ ဥပမာ – 'အစွန်းထွက်ထုတ်ကုန်တိုးတက်လာခြင်းသည် ထုတ်လုပ်မှုတွင် အသုံးပြုသည့် ပုံသေသွင်းအားစုနှင့် သွင်းအားစုရှင်အချိုးမြင့်မားနေသည့်အဆင့်များတွင်သာဖြစ်ပေါ်မည်။' ဟူသော ဖော်ပြချက်အတွက် အဖြေမှာ 'မှန်' ဖြစ်သည့်အတွက် 'မှန်' ဟုသာ ဖြေဆိုရန်ဖြစ်သည်။ အဖြေလွှာစစ်ဆေးသူ (စာစစ်သူ) ဖတ်၍ မရသော၊ မှား/မှန် မကွဲပြားသော အဖြေများအတွက် အမှတ်မရရှိနိုင်ပါ။ ထို့ကြောင့် ဖြေဆိုသူက အဖြေကို ပီပီသသ၊ မှန်မှန်ကန်ကန် ဖော်ပြဖြေဆိုရပါမည်။ မေးခွန်းဖော်ပြချက် (၁၀)ခုအတွက် (၁)ခုလျှင် (၁)မှတ်ဖြင့် စုစုပေါင်း ပေးမှတ်မှာ (၁၀)မှတ်ဖြစ်သည်။

**မေးခွန်း (၁-ခ)** ။ ။ ဤမေးခွန်းတွင် ဖော်ပြချက် (၁၀)ခုပါရှိပြီး ဖော်ပြချက်တစ်ခုစီတွင် (က)၊ (ခ) နှင့် (ဂ) ဟူ၍ အဖြေ (၃)မျိုး ပေးထားသည့်အနက် အဖြေမှန်တစ်ခုကိုသာ ရွေးချယ်ရန်ဖြစ်သည်။ မေးခွန်းစာကြောင်းပြန်ရေးရန်မလိုဘဲ အဖြေကိုသာ နံပါတ်တပ်၍ ဖြေဆိုရန်ဖြစ်သည်။ ဥပမာ 'ကုန်စည်တစ်ခုအတွက် ဝယ်လိုအား၏ဝင်ငွေအလျော့အတင်းသည် အနုတ်လက္ခဏာဆောင်ပါက ထိုကုန်စည်သည် (က) မရှိမဖြစ်ကုန်စည် (ခ) သာမန်ကုန်စည် (ဂ) ကုန်ညံ့ဖြစ်သည်။' ဟူသော ဖော်ပြချက်တွင် အဖြေမှာ (ဂ) ကုန်ညံ့ဖြစ်သည်။ ထို့ကြောင့် အဖြေကို **(၁) (ဂ)** သို့မဟုတ် **(၁)(ဂ)** ကုန်ညံ့ ဟု ဖြေဆိုရန်ဖြစ်သည်။ မေးခွန်း ဖော်ပြချက် (၁၀)ခုအတွက် (၁)ခုလျှင် (၁)မှတ်ဖြင့် စုစုပေါင်းပေးမှတ် (၁၀)မှတ် ဖြစ်သည်။

**မေးခွန်း (၁-ဂ)** ။ ။ ဤမေးခွန်းတွင် ဖော်ပြချက် (၁၀)ခုပါရှိပြီး ဖော်ပြချက်တစ်ခုစီတွင် ဖြေဆိုသူက ပေးထားသောဖော်ပြချက်စာကြောင်း၏ လိုအပ်သည့်ကွက်လပ်အတွက် အဖြေမှန်ကို ဖြည့်စွက်ပေးရန်ဖြစ်သည်။ မေးခွန်းစာကြောင်းကို ပြန်ရေးသားရန်မလိုဘဲ ဖြည့်စွက်ရမည့်အဖြေကိုသာ နံပါတ်တပ်၍ ဖြေဆိုရန်ဖြစ်သည်။ တိကျသော အဖြေဖြစ်ရန်နှင့် စာလုံးပေါင်းမှန်ရန် လိုအပ်ပါသည်။ ဥပမာ'ငွေကြေးမူဝါဒ၏ ကန့်သတ်ချက်အနေဖြင့် အတိုးနှုန်းပြောင်းလဲမှုအပေါ် စီးပွားရေးလုပ်ဆောင်ချက်များက တုံ့ပြန်ရာတွင် --------ရှိနေသည်။' ဟူသော မေးခွန်းအတွက်အဖြေမှာ 'အချိန်ကွာဟမှု' ဖြစ်ရာ ယင်းအဖြေကိုသာ နံပါတ်တပ်၍ ဖြေဆိုရန်ဖြစ်သည်။ မေးခွန်းဖော်ပြချက် (၁)ခုလျှင် (၁)မှတ်ဖြင့် (၁၀)ခုအတွက် စုစုပေါင်း ပေးမှတ် (၁၀)မှတ်ဖြစ်သည်။

**မေးခွန်းနံပါတ်(၂)**တွင် အဓိပ္ပာယ်ဖွင့်ဆိုချက်များကို မေးထားရာ၌ ပြဋ္ဌာန်းစာအုပ်ပါ အဓိပ္ပာယ်ဖွင့်ဆိုချက်များအတိုင်း တိတိကျကျပြည့်စုံစွာ ဖြေဆိုရန်လိုအပ်ပါသည်။ ဖြေဆိုရာတွင် တိကျမှန်ကန်ပြည့်စုံပါက အဓိပ္ပာယ်ဖွင့်ဆိုချက်တစ်ခုအတွက် (၂)မှတ်အပြည့်၊ မှန်ကန်သော်လည်း မပြည့်စုံပါက (၁)မှတ်နှင့် အဓိပ္ပာယ်ဖွင့်ဆိုချက် မှားယွင်းပါက (၀)မှတ်ဟု အမှတ်ပေးစည်းမျဉ်း ချမှတ်စစ်ဆေးလေ့ရှိသဖြင့် ဂရုစိုက်ဖြေဆိုကြရန်ဖြစ်ပါသည်။ အဓိပ္ပာယ်ဖွင့်ဆိုချက် တစ်ခုလျှင် (၂)မှတ်နှင့် (၅)ခု ဖြေဆိုရသည့်အတွက် စုစုပေါင်းပေးမှတ်မှာ (၁၀)မှတ် ဖြစ်သည်။

**မေးခွန်းနံပါတ်(၃)**တွင် (၁၀)မှတ်တန် မှတ်စုတို (၄)ပုဒ် ပေးထားပြီး နှစ်သက်ရာ (၂)ပုဒ်ကို ရွေးချယ်ဖြေဆိုရမည်ဖြစ်သည်။ မေးခွန်းနံပါတ်(၃)အတွက် မှတ်စုတို(၁)ပုဒ်လျှင်(၁၀)မှတ်နှင့် (၂)ပုဒ်အတွက် ပေးမှတ်မှာ (၂၀)မှတ်ဖြစ်သည်။ **မေးခွန်းနံပါတ် (၄)**တွင် အမှတ်(၂၀)မှတ်တန် မှတ်စုရှည် (၂)ပုဒ်ပေးထားပြီး နှစ်သက်ရာ(၁)ပုဒ်ကို ရွေးချယ်ဖြေဆိုရမည်ဖြစ်သည်။ မှတ်စုတိုနှင့် မှတ်စုရှည်မေးခွန်းများကို ဖြေဆိုနိုင်ရန်မှာ ပြဋ္ဌာန်းစာအုပ်ပါ သင်ခန်းစာအားလုံးကို နှံ့စပ်စွာဖတ်ရှုလေ့လာရန် အထူးလိုအပ်ပါသည်။ အချက်အလက်များကို ဖော်ပြရှင်းလင်းရန်ဟုမေးပါက အဖြေလွှာစစ်ဆေးသူ ရှင်းလင်းစွာစစ်ဆေးနိုင်ရန် မေးထားသည့်အချက်အလက်များကို ဦးစွာဖော်ပြပြီးမှ (၁)ချက်ချင်းစီကို ရှင်းလင်းဖြေဆိုသင့်ပါသည်။

**မေးခွန်းနံပါတ် (၅)**တွင် တွက်ချက်မှုနှင့် သုံးသပ်ဖြေဆိုမှုပြုလုပ်ရသည့် မေးခွန်းများကို (က)နှင့် (ခ) ဟူ၍ မေးခွန်း(၂)ခု မေးထားပြီး (၂)ခုလုံးကို ဖြေဆိုရပါမည်။ မေးခွန်းနံပါတ်(၅)အတွက် ပေးမှတ်မှာ (၂၀) မှတ် ဖြစ်သည်။ မေးခွန်းနံပါတ်(၅)တွင် ပေးထားသောကိန်းဂဏန်းများနှင့် အချက်အလက်များကို အသုံးပြု၍ တွက်ချက်ခြင်း၊ မျဉ်းကွေးများ ရေးဆွဲခြင်း၊ သုံးသပ်ခြင်းများ ပြုလုပ်ဖြေဆိုရသည့်အတွက် သင်ခန်းစာပါ သဘောတရားများအပေါ် နားလည်တတ်ကျွမ်းမှုကို ဆန်းစစ်သောမေးခွန်းများဖြစ်သည်။ တိကျမှန်ကန်စွာဖြေဆိုနိုင်ပါက အမှတ်ပြည့်ရရှိနိုင်သော်လည်း တွက်ချက်မှုနှင့်သုံးသပ်ချက်များ မှားယွင်းပါက အမှတ်လျော့လွယ်သော မေးခွန်းပုံစံဖြစ်ပါသည်။ ထို့ကြောင့် မေးခွန်းနံပါတ်(၅)နှင့် ပတ်သက်၍ အထူးအလေးပေး ရှင်းလင်းပါမည်။

မေးခွန်းနံပါတ်(၅)တွင် တွက်ချက်မှုနှင့်သုံးသပ်ဖြေဆိုမှု ပြုလုပ်ရသည့်မေးခွန်းများကို မေးနိုင်သည့် အခန်းမှာ (၄)ခန်းရှိသည်။ ယင်းအခန်းများမှာ သင်ခန်းစာ အခန်း(၁)၊ အခန်း(၂)၊ အခန်း(၃)နှင့် အခန်း(၇) တို့ဖြစ်ကြသည်။

**အခန်း(၁)'ဝယ်လိုအားအလျော့အတင်းနှင့် ရောင်းလိုအားအလျော့အတင်း'** အခန်းတွင် အလျော့အတင်းပုစ္ဆာပုံစံ(၅)မျိုးရှိသည်။ (က) ဝယ်လိုအား၏ဈေးနှုန်းအလျော့အတင်း၊ (ခ) စုစုပေါင်း ရောင်းရငွေနှင့်ဝယ်လိုအား၏ဈေးနှုန်းအလျော့အတင်းဆက်စပ်ပုံ၊ (ဂ)ဝယ်လိုအား၏ အပြန်အလှန်အလျော့အတင်း၊ (ဃ) ဝယ်လိုအား၏ ဝင်ငွေအလျော့အတင်းနှင့် (င) ရောင်းလိုအားအလျော့အတင်းတို့ဖြစ်သည်။

ဝယ်လိုအား၏ဈေးနှုန်းအလျော့အတင်း၊ ဝယ်လိုအား၏ ဝင်ငွေအလျော့အတင်း၊ ဝယ်လိုအား၏ အပြန်အလှန်အလျော့အတင်းနှင့် ရောင်းလိုအားအလျော့အတင်းများကို တွက်ချက်စေသော မေးခွန်းများတွင် မေးထားသည့် အလျော့အတင်း၏အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ပုံသေနည်းကို ဦးစွာဖော်ပြ ဖြေဆိုရပါမည်။ ထို့နောက် တွက်ချက်မှုနှင့် သုံးသပ်မှုကိုပြုလုပ်ရပါမည်။ ဥပမာ – ဝယ်လိုအား၏ ဈေးနှုန်းအလျော့အတင်း ပုစ္ဆာမေးခွန်းကို ဖြေဆိုရာတွင် ဝယ်လိုအား၏ ဈေးနှုန်းအလျော့အတင်း အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ပုံသေနည်းကို ဦးစွာဖြေဆိုပြီးမှ ပေးထားသောကိန်းဂဏန်းအချက်အလက်များကို အသုံးပြု၍ တွက်ချက်ရပါမည်။ ထို့နောက် တွက်ချက်ရရှိသောအဖြေကို ဝယ်လိုအား၏ဈေးနှုန်းအလျော့အတင်း သဘောတရားများအရ သုံးသပ်ဖြေဆိုရမည်။ ထို့အတူ အခြားသောအလျော့အတင်း ပုစ္ဆာမေးခွန်းများကို ဖြေဆိုရာတွင်လည်း အထက်ပါအတိုင်းဖြေဆိုရမည်။ အလျော့အတင်း ပုစ္ဆာမေးခွန်းများအတွက် သုံးသပ်ရာတွင် မှတ်သားရမည့်အချက်များမှာ အောက်ပါအတိုင်းဖြစ်သည်။

**(က) ဝယ်လိုအား၏ ဈေးနှုန်းအလျော့အတင်း(Ed )**အတွက် အချက်(၃)ချက် သုံးသပ်ရပါမယ်။

( ၁ ) ကုန်စည်၏ဝယ်လိုအားအလျော့အတင်း အနည်း/အများကို သုံးသပ်ရပါမည်။ ဝယ်လိုအား၏ ဈေးနှုန်းအလျော့အတင်း (Ed) အနည်း/အများကို သုံးသပ်ရာတွင် အနုတ်လက္ခဏာကိုမစဉ်းစားဘဲ ပကတိတန်ဖိုးကို စဉ်းစားရမှာဖြစ်သည်။ ဥပမာ Ed ရဲ့တန်ဖိုး –၁.၆ ဖြစ်ပါက Ed သည် ၁ ထက်ကြီးသဖြင့် အလျော့အတင်းများသည်ဟု သုံးသပ်နိုင်သည်။ Ed ၏တန်ဖိုး – ၀.၆ ဖြစ်ပါက ပကတိတန်ဖိုးအရ Ed သည် ၁ ထက်ငယ်သောကြောင့် အလျော့အတင်းနည်းသည်ဟု သုံးသပ်နိုင်သည်။

(၂) ဝယ်လိုအား၏ ဈေးနှုန်းအလျော့အတင်းတန်ဖိုးသည် အမြဲတမ်း အနုတ်လက္ခဏာဖြစ်ရသည့် အကြောင်းရင်းကို ဖော်ပြရမည်။ (ကုန်စည်၏ဈေးနှုန်းနှင့်ဝယ်ယူသောအရေအတွက်သည် ပြောင်းပြန်ဆက်စပ်သဖြင့် Ed တန်ဖိုးသည် အမြဲလို အနုတ်တန်ဖိုးဖြစ်သည်။)

(၃) ဈေးနှုန်း ၁% မြင့်တက်သွားပါက ဝယ်ယူသောအရေအတွက် ရာခိုင်နှုန်းမည်မျှ လျော့နည်းသွားသည် (သို့မဟုတ်) ဈေးနှုန်း ၁% ကျဆင်းသွားပါက ဝယ်ယူသောအရေအတွက် ရာခိုင်နှုန်း မည်မျှတိုးသွားသည်ကို သုံးသပ်ရပါမည်။

**(ခ) စုစုပေါင်းရောင်းရငွေနှင့် ဝယ်လိုအား၏ ဈေးနှုန်းအလျော့အတင်းဆက်စပ်ပုံ**ကိုလည်း လေ့လာထားရန်လိုအပ်ပါသည်။ တွက်ချက်ရရှိသော ဝယ်လိုအားအလျော့အတင်းတန်ဖိုးအရ ကုန်စည်၏ ဝယ်လိုအားအလျော့အတင်းအနည်း/အများကို သုံးသပ်နိုင်သကဲ့သို့ အလျော့အတင်းတန်ဖိုးကို မတွက်ချက်ဘဲ ဈေးနှုန်းပြောင်းလဲမှုနှင့် စုစုပေါင်းရောင်းရငွေ ပြောင်းလဲမှုအရလည်း ကုန်စည်၏ဝယ်လိုအားအလျော့အတင်းအနည်း/အများကို ခန့်မှန်းနိုင်ကြောင်း သိရှိထားရန်လိုအပ်သည်။ **ဇယားတွင် ဖော်ပြထားသည့်**

**စာမျက်နှာ ၁၇ သို့ »»**

»»» စာမျက်နှာ ၁၆ မှ

**အချက်အလက်များအရ ဈေးနှုန်း၊ စုစုပေါင်းရောင်းရငွေနှင့် ဝယ်လိုအား အလျော့အတင်းတို့၏ ဆက်စပ်မှုများကို ရှင်းလင်းဖြေဆိုပါဟူသော မေးခွန်းမျိုးတွင် ဝယ်လိုအား၏ ဈေးနှုန်း အလျော့အတင်း (Ed )ကို တွက်ချက်ဖော်ပြရန်မလိုအပ်ပါ။** ဥပမာ အောက်ဖော်ပြပါ ဇယားတွင် ဈေးနှုန်းနှင့် ဝယ်ယူသည့် အရေအတွက်များကို ဖော်ပြထားသည်

| ဈေးနှုန်း (ကျပ်) | အရေအတွက် ယူနစ် | စုစုပေါင်း ရောင်းရငွေ (ကျပ်) | အလျော့အတင်း (Ed) |
|---|---|---|---|
| ၇၀ | ၂ | ၁၄၀ | - |
| ၆၀ | ၄ | ၂၄၀ | များ |
| ၅၀ | ၆ | ၃၀၀ | များ |
| ၄၀ | ၈ | ၃၂၀ | များ |
| ၃၀ | ၁၀ | ၃၀၀ | နည်း |
| ၂၀ | ၁၂ | ၂၄၀ | နည်း |

ဇယားပါအချက်အလက်များအရ **ဈေးနှုန်းနှင့်အရေအတွက်ကိုမြှောက်ခြင်းဖြင့် စုစုပေါင်းရောင်းရငွေကိုတွက်ချက်ရရှိမည်။** ဇယားတွင် ဈေးနှုန်းများကိုကြည့်ပါက ကျဆင်းနေကြောင်းကို တွေ့ရသည်။ ရောင်းရငွေကိုကြည့်ပါက ရောင်းရငွေတိုးလာပြီး **ဈေးနှုန်း (၄၀)ကျပ်မှာ (၃၂၀)ကျပ်ဖြစ်ပြီး အများဆုံးဖြစ်ပါသည်။** ဈေးနှုန်း (၃၀)ကျပ်မှစ၍ ရောင်းရငွေ ကျဆင်းသွားပါသည်။ ထို့ကြောင့် **ဆက်စပ်မှုကိုကြည့်သောအခါ** ဈေးနှုန်း (၇၀)ကျပ်မှ (၄၀)ကျပ်အထိတစ်ပိုင်း၊ ဈေးနှုန်း (၄၀)ကျပ်မှ (၂၀)ကျပ်အထိ တစ်ပိုင်း ပိုင်းခြားပြီး သုံးသပ်ရပါမည်။ **သုံးသပ်ပုံမှာ** – ဈေးနှုန်းသည် (၇၀)ကျပ်မှ (၆၀)ကျပ်၊ (၅၀)ကျပ်နှင့် (၄၀)ကျပ်သို့ ကျဆင်းသွားသောအခါ ဝယ်ယူသောအရအတွက်များသည် တိုးလာပြီး ရောင်းရငွေမှာလည်း (၁၄၀)ကျပ်မှ (၂၄၀)ကျပ်၊ (၃၀၀)ကျပ်နှင့် (၃၂၀)ကျပ်သို့ တိုးသွားသည်။ ဝယ်ယူသည့် အရေအတွက်တိုးလာခြင်းသည် ဈေးနှုန်းကျဆင်းခြင်းထက် အချိုးအစားများသောကြောင့် ရောင်းရငွေတိုးလာခြင်းဖြစ်သည်။ **ဈေးနှုန်းသည် (၇၀)ကျပ်မှ (၆၀)ကျပ်၊ (၅၀)ကျပ်နှင့် (၄၀)ကျပ်သို့ ကျဆင်းသွားသောအခါ** ဈေးနှုန်းပြောင်းလဲမှုနှင့် ရောင်းရငွေပြောင်းလဲမှု ပြောင်းပြန်ဆက်စပ်နေသဖြင့် ဝယ်လိုအား အလျော့အတင်းများသည်ဟု သုံးသပ်နိုင်သည်။

**ဈေးနှုန်းသည် (၄၀)ကျပ်မှ (၃၀)ကျပ်နှင့် (၂၀)ကျပ်သို့ ဆက်လက်ကျဆင်းသွားသောအခါ** ဝယ်ယူသောအရေအတွက်များသည် တိုးလာပြီး ရောင်းရငွေမှာ (၃၂၀)ကျပ်မှ (၃၀၀)ကျပ်နှင့် (၂၄၀)ကျပ်သို့ ကျဆင်းသွားသည်။ ဝယ်ယူသည့်အရေအတွက်တိုးလာခြင်းသည် ဈေးနှုန်းကျဆင်းခြင်းထက် အချိုးအစားနည်းသောကြောင့် ရောင်းရငွေလျော့နည်းသွားခြင်းဖြစ်သည်။ ထို့ကြောင့် ဈေးနှုန်းသည် (၄၀)ကျပ်မှ(၃၀)ကျပ်နှင့် (၂၀)ကျပ်သို့ ကျဆင်းသွားသောအခါ ရောင်းရငွေကျဆင်းသွားသည်။ ဈေးနှုန်းပြောင်းလဲမှုနှင့် ရောင်းရငွေပြောင်းလဲမှု တိုက်ရိုက်ဆက်စပ်နေသဖြင့် ဝယ်လိုအား အလျော့အတင်းနည်းသည်ဟု သုံးသပ်နိုင်သည်။

**(ဂ) ဝယ်လိုအား၏ အပြန်အလှန်အလျော့အတင်း (Exy)** ကို သုံးသပ်ရာတွင်လည်း အချက် (၃)ချက် သုံးသပ်ရပါမည်။

(၁) ကုန်စည်၏ဝယ်လိုအားအလျော့အတင်း အနည်း/အများကို သုံးသပ်ရမည်။ Exy ၏ တန်ဖိုး ၁ ထက်ကြီးပါက အလျော့အတင်းများပြီး၊ Exy ၏တန်ဖိုး ၁ ထက်ငယ်ပါက အလျော့အတင်းနည်းသည်ဟု သုံးသပ်ရမည်။

(၂) တွက်ချက်ရရှိသော အပြန်အလှန်အလျော့အတင်း (Exy) ၏ လက္ခဏာကိုသုံးသပ်ရမည်။ Exy သည် အပေါင်း (+) လက္ခဏာဆောင်ပါက ကုန်စည် X ကိုဝယ်ယူသောအရေအတွက်နှင့် ကုန်စည် Y ၏ ဈေးနှုန်းတိုက်ရိုက်ဆက်စပ်သဖြင့် ကုန်စည် X နှင့် ကုန်စည် Y သည် အစားထိုးကုန်စည်များဖြစ်ကြသည်ဟုသုံးသပ်ရမည်။ Exy သည် အနုတ်(–) လက္ခဏာဆောင်ပါက ကုန်စည် X ကို ဝယ်ယူသောအရေအတွက်နှင့် ကုန်စည် Y ၏ဈေးနှုန်း ပြောင်းပြန်ဆက်စပ်သဖြင့် ကုန်စည် X နှင့် ကုန်စည် Y သည် တွဲဖက်ကုန်စည်များဖြစ်ကြသည်ဟုသုံးသပ်ရမည်။

(၃) ကုန်စည် Y ၏ဈေးနှုန်း ၁% ပြောင်းလဲခြင်း (တက်ခြင်း/ကျခြင်း)ကြောင့် ကုန်စည် X ကိုဝယ်ယူသော အရေအတွက် ရာခိုင်နှုန်းမည်မျှပြောင်းလဲသွားသည်(တိုးသွားသည်/လျော့သွားသည်)ကို သုံးသပ်ရမည်။

**(ဃ) ဝယ်လိုအား၏ဝင်ငွေအလျော့အတင်း (Ey)** ကို သုံးသပ်ရာတွင်လည်း အချက်(၃)ချက် သုံးသပ်ရပါမည်။

(၁) ကုန်စည်၏ဝယ်လိုအားအလျော့အတင်း အနည်း/အများကို သုံးသပ်ရမည်။ Ey ၏ တန်ဖိုး ၁ ထက်ကြီးပါက အလျော့အတင်းများပြီး၊ Ey ၏ တန်ဖိုး ၁ ထက်ငယ်ပါက အလျော့အတင်းနည်းသည်ဟု သုံးသပ်ရမည်။

(၂) တွက်ချက်ရရှိသော ဝင်ငွေအလျော့အတင်းတန်ဖိုး၏ လက္ခဏာကိုသုံးသပ်ရမည်။

(၃) ဝင်ငွေ ၁% ပြောင်းလဲခြင်းကြောင့် ဝယ်ယူသောအရေအတွက်ပြောင်းလဲမှုရာခိုင်နှုန်းကို သုံးသပ်ရမည်။ Ey တန်ဖိုး အပေါင်းလက္ခဏာ(+) လက္ခဏာဆောင်ပါက ဝင်ငွေတိုးလျှင် ကုန်စည်အတွက် ဝယ်လိုအားတိုးသည်။ ထို့ကြောင့် သာမန်ကုန်စည်ဟုသုံးသပ်နိုင်သည်။ Ey တန်ဖိုး အနုတ်လက္ခဏာ (–) ဆောင်ပါက ဝင်ငွေတိုးလျှင် ကုန်စည်အတွက်ဝယ်လိုအားကျဆင်းသွားသည်။ ထို့ကြောင့် ကုန်စည်သည် ကုန်ညံ့ဖြစ်သည်ဟုသုံးသပ်နိုင်သည်။ Ey တန်ဖိုးသည် သုည (၀) ဖြစ်ပါက ဝင်ငွေပြောင်းလဲမှုသည် ဝယ်လိုအား အပေါ် အကျိုးသက်ရောက်မှုမရှိပါ။ ထို့ကြောင့် ကုန်စည်သည် မရှိမဖြစ်လိုအပ်သော ကုန်စည်၊ အခြေခံကုန်စည်ဖြစ်ကြောင်း သုံးသပ်ရမည်။

(၃) သာမန်ကုန်စည်ဖြစ်ပါက ဝင်ငွေ ၁ % (တက်)သွားလျှင် ဝယ်ယူသောအရေအတွက် ရာခိုင်နှုန်းမည်မျှ (တက်)သွားသည်။ ကုန်ညံ့ဖြစ်ပါက ဝင်ငွေ ၁ % (တက်)သွားလျှင် ဝယ်ယူသောအရေအတွက် ရာခိုင်နှုန်းမည်မျှ(ကျဆင်း)သွားသည် စသဖြင့်သုံးသပ်ရမည်။

**(င) ရောင်းလိုအား၏ ဈေးနှုန်းအလျော့အတင်း(Es)**ကို သုံးသပ်ရာတွင်လည်း အချက် (၃)ချက် သုံးသပ်ရမည်။

(၁) ရောင်းလိုအား၏ ဈေးနှုန်းအလျော့အတင်း အနည်း/အများ ကိုသုံးသပ်ရမည်။ (Es သည် ၁ ထက်ကြီးပါက အလျော့အတင်းများသည်ဟုသုံးသပ်နိုင်သည်။ Es သည် ၁ ထက်ငယ်ပါက အလျော့အတင်းနည်းသည် ဟုသုံးသပ်နိုင်သည်။)

(၂) ရောင်းလိုအားအလျော့အတင်းတန်ဖိုးသည် အမြဲတမ်းအပေါင်းကိန်းဖြစ်ရသည့် အကြောင်းရင်းကို သုံးသပ်ရမည်။ (ကုန်စည်၏ဈေးနှုန်းနှင့် ရောင်းချသောအရေအတွက် တိုက်ရိုက်ဆက်စပ်သဖြင့် Es တန်ဖိုးသည် အပေါင်းကိန်းဖြစ်သည်။)

(၃) ဈေးနှုန်း ၁ %(တက်ခြင်း/ကျခြင်း)ကြောင့် ရောင်းချသောအရေအတွက် (အတိုး/အလျော့) ရာခိုင်နှုန်းများကို သုံးသပ်ရမည်။

**အလျော့အတင်းပုစ္ဆာများတွက်ရာတွင် သတိပြုရမည့်အချက်များမှာ** ပုံသေနည်းကိုဖော်ပြရာတွင် မှားယွင်းမှုမရှိစေရန် ၊ $\Delta Q$ နှင့် $\Delta P$ တန်ဖိုးများကို မှားယွင်းထည့်သွင်းခြင်း ၊ $\Delta Q$ နှင့် $\Delta Y$ တန်ဖိုးများကို မှားယွင်းထည့်သွင်းခြင်းမရှိစေရန်နှင့် တွက်ချက်ရရှိသောအလျော့အတင်းတန်ဖိုးတွင်(%)မထည့်ရန်တို့ ဖြစ်ကြသည်။

**အခန်း(၂) ‘ထုတ်လုပ်မှုသီအိုရီ’ အခန်းတွင်** စုစုပေါင်းထုတ်ကုန်၊ ပျမ်းမျှထုတ်ကုန်နှင့် အစွန်းထွက်ထုတ်ကုန်ဆိုင်ရာမေးခွန်းမျိုးတွင် ပေးထားသော ကိန်းဂဏန်းအချက်အလက်များကို အသုံးပြု၍ ထုတ်ကုန်များတွက်ချက်ပုံ၊ ထုတ်ကုန်မျဉ်းကွေးများရေးဆွဲပုံ၊ ထုတ်ကုန်မျဉ်းကွေးများ၏ ဆက်စပ်ပုံနှင့် ထုတ်လုပ်မှုအဆင့်များ ပိုင်းခြားသတ်မှတ်ပုံများကို သိရှိထားရန်လိုအပ်ပါသည်။ ဖြေဆိုရာတွင် ပုံသေနည်းကို ဦးစွာဖြေဆိုပြီးမှ ပေးထားသောကိန်းဂဏန်းအချက်အလက်များအရ တွက်ချက်ရရှိသည့် ထုတ်ကုန်အရေအတွက်များကို ဇယားတွင် ဖြည့်စွက်ဖြေဆိုရပါသည်။

**မျဉ်းကွေးများရေးဆွဲထားသောပုံတွင် ထုတ်လုပ်မှုအဆင့်များ ပိုင်းခြားရာ၌** မူရင်းမှတ်မှ AP အမြင့်ဆုံး (သို့မဟုတ်) AP နှင့် MP မျဉ်းကွေးများ ဖြတ်သောအမှတ်ထိသည် အဆင့်(၁)ဟု ပိုင်းခြား သတ်မှတ်ရပါမည်။ TP အမြင့်ဆုံး (သို့မဟုတ်) MP= 0 ဖြစ်သောအမှတ်အထိ ထုတ်လုပ်မှုအဆင့်(၂) ဖြစ်ပြီး MP တန်ဖိုး အနုတ်(–)ဖြစ်သောအပိုင်းသည် ထုတ်လုပ်မှုအဆင့်(၃)ဟု သတ်မှတ်ရပါမည်။ ထုတ်လုပ်သူသည် အဆင့်(၂) အတွင်း၌သာ ထုတ်လုပ်မှာဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အဆင့် (၂)အတွင်း AP နှင့် MP နှစ်မျိုးလုံး အပေါင်းလက္ခဏာဖြစ်ပြီး အဆင့် (၂) ၏ အဆုံးအမှတ်သည် TP အမြင့်ဆုံးဖြစ်သော အမှတ်ဖြစ်ပါသည်။ ထို့ကြောင့် AP အမြင့်ဆုံးအမှတ်နှင့် MP သုည(၀)ဖြစ်သော အမှတ်ကြားရှိ အဆင့်(၂)တွင် လုပ်ငန်းလည်ပတ်ခြင်းသည် အသင့်လျော်ဆုံးဖြစ်သည်။ လုပ်သားဦးရေ မည်မျှငှားရမ်းအသုံးပြုရမည်ကိုလည်း ဆုံးဖြတ်တတ်ရပါမည်။

လျော့နည်းသွားသော ပြန်ရချက်ဥပဒေသရဲ့သဘောကို သိရှိရပါမည်။ **မည်သည့် ထုတ်ကုန်အပိုင်းက လျော့နည်းသွားသော ပြန်ရချက်ဥပဒေသကို ဖော်ပြနေသလဲ** ဆိုတာကိုလည်း သိရှိရပါမည်။ ကျဆင်းနေသော အစွန်းထွက်ထုတ်ကုန်အပိုင်းသည် လျော့နည်းသွားသောပြန်ရချက်ဥပဒေသကို ဖော်ပြနေပါသည်။ **တွက်ချက်မှုအရ လုပ်သားဦးရေဘယ်လောက်မှာ MP စတင် ကျဆင်းသွားသည်ဆိုတာကို ကြည့်ရပါမည်။** ဥပမာ ဇယားမှ MP တန်ဖိုးများကိုကြည့်ရာတွင် လုပ်သားဦးရေ ၄ ဦးမှာ MP တန်ဖိုးက အများဆုံးဖြစ်နေတယ်ဆိုပါစို့၊ လုပ်သား ၄ ဦးထက်ကျော်ပါက MP စတင်ကျဆင်းပါပြီ။ လုပ်သားဦးရေ ၄ ဦးမှာ MP အမြင့်ဆုံးဖြစ်နေပြီး၊ လုပ်သားဦးရေ ၄ ဦးထက်ကျော်၍ သုံးစွဲသောအခါ ကျဆင်းနေသော အစွန်းထွက်ထုတ်ကုန်အပိုင်းသည် လျော့နည်းသွားသော ပြန်ရချက်ဥပဒေသကို ဖော်ပြသည်ဟု သုံးသပ်နိုင်ပါသည်။

**အခန်း(၃) ‘စရိတ်သီအိုရီ’ အခန်း**တွင် စုစုပေါင်းစရိတ်၊ ပျမ်းမျှစရိတ်နှင့် အစွန်းထွက်စရိတ်ဆိုင်ရာမေးခွန်းမျိုးတွင် ပေးထားသောကိန်းဂဏန်းအချက်အလက်များကို အသုံးပြု၍ စရိတ်အမျိုးမျိုး တွက်ချက်ပုံ၊ စရိတ်မျဉ်းကွေးများရေးဆွဲပုံနှင့် စရိတ်မျဉ်းကွေးများဆက်စပ်ပုံများကို လေ့လာသိရှိထားရန် လိုအပ်သည်။ တွက်ချက်ရာတွင် ပုံသေစရိတ်နှင့် စရိတ်ရှင်သဘောကိုလည်း သိရှိနားလည်ရန် လိုအပ်ပါသည်။ ဥပမာ မေးခွန်းတွင် ကုန်ထွက်အသီးသီးရှိ စုစုပေါင်းစရိတ်များကို ပေးထားပါက ကုန်ထွက်သုညရှိ စုစုပေါင်းစရိတ်သည် ပုံသေစရိတ်ဖြစ်ကြောင်း၊ ပုံသေစရိတ်သည် ကုန်ထွက်အဆင့်တိုင်းအတွက် အတူတူပင်ဖြစ်ကြောင်း စုစုပေါင်းစရိတ်မှ ပုံသေစရိတ်ကိုနုတ်ခြင်းဖြင့် စုစုပေါင်းစရိတ်ရှင်ကို ရရှိနိုင်ကြောင်းသိရှိရန်လိုသည်။ ထို့အတူ စုစုပေါင်းစရိတ်မှ စုစုပေါင်းစရိတ်ရှင်ကိုနုတ်ခြင်းဖြင့် စုစုပေါင်းပုံသေစရိတ်ကို ရရှိနိုင်ကြောင်းကိုလည်း သိရှိထားရန်လိုအပ်သည်။ ဖြေဆိုရာတွင် ပုံသေနည်းကို ဦးစွာဖြေဆိုပြီးမှ ပေးထားသောကိန်းဂဏန်း အချက်အလက်များအရ တွက်ချက်ရရှိသော စရိတ်များကို ဇယားတွင်ဖြည့်စွက်ဖြေဆိုရပါမည်။

**အခန်း(၇) ‘စီးပွားရေးတိုးတက်မှု’**တွင် အမှန် GDP တန်ဖိုးများမှ စီးပွားရေးတိုးတက်မှုနှုန်း တွက်ချက်ပုံနှင့် သုံးသပ်ပုံ၊ အချိန်ကာလတစ်ခုအတွက် ပျမ်းမျှစီးပွားရေးတိုးတက်မှုနှုန်း တွက်ချက်ပုံနှင့် သုံးသပ်ပုံ၊ GDP ကျုံ့ကိန်းတွက်ချက်ပုံ၊ GDP ကျုံ့ကိန်းမှ ဈေးဆနှုန်းကိန်းတွက်ချက်ပုံ၊ GDP ဈေးဆနှုန်းကိန်းမှ ငွေဖောင်းပွမှုနှုန်းတွက်ချက်ပုံနှင့် သုံးသပ်ပုံများကို လေ့လာထားရန်လိုအပ်သည်။ တွက်ချက်ရာတွင် အသုံးပြုသောပုံသေနည်းများကို ဦးစွာဖော်ပြရမည်။

**စီးပွားရေးတိုးတက်မှုနှုန်းကို တွက်ချက်သုံးသပ်ရာတွင်** စီးပွားရေးတိုးတက်မှုနှုန်းသည် မည်သည့်ခုနှစ်များတွင် ပျမ်းမျှစီးပွားရေးတိုးတက်မှုနှုန်းထက်မြင့်မားသည်၊ စီးပွားရေးတိုးတက်မှုနှုန်းသည် မည်သည့်ခုနှစ်များတွင် ပျမ်းမျှစီးပွားရေးတိုးတက်မှုနှုန်းထက်နိမ့်သည် စသည်ဖြင့်သုံးသပ်နိုင်သည်။ အချို့နှစ်များတွင် စီးပွားရေးတိုးတက်မှုနှုန်းသည် ဆက်တိုက်တိုးတက်ခြင်းရှိပါက စီးပွားရေးတိုးတက်မှုနှုန်းသည် မည်သည့်ခုနှစ်မှ မည်သည့်ခုနှစ်အထိ ဆက်တိုက်တိုးတက်နေသည်ကို သုံးသပ်နိုင်သည်။ အချို့နှစ်များတွင် စီးပွားရေးတိုးတက်မှုနှုန်းသည် ဆက်တိုက်ကျဆင်းနေပါက မည်သည့်ခုနှစ်မှ မည်သည့်ခုနှစ်အထိ ဆက်တိုက်ကျဆင်းနေသည် စသည်ဖြင့်သုံးသပ်နိုင်သည်။ စီးပွားရေးတိုးတက်မှုနှုန်းသည် အတက်အကျရှိနေပါက သုံးသပ်ရာတွင်မည်သည့်ခုနှစ်တွင် စီးပွားရေးတိုးတက်မှုနှုန်းကျဆင်းပြီး မည်သည့်ခုနှစ်တွင် စီးပွားရေးတိုးတက်မှုနှုန်း ပြန်လည်တိုးတက်လာသည်။ မည်သည့်ခုနှစ်တွင် စီးပွားရေးတိုးတက်မှုနှုန်းတိုးနေပြီး မည်သည့်ခုနှစ်တွင် စီးပွားရေးတိုးတက်မှုနှုန်း ပြန်လည်ကျဆင်းသွားသည် စသည်ဖြင့် သုံးသပ်နိုင်သည်။ **သတိပြုရန်အချက်မှာ** တွက်ချက်ရရှိသော စီးပွားရေးတိုးတက်မှုနှုန်းသည် အနုတ်လက္ခဏာဖြစ်ပါက ထိုနှစ်တွင် စီးပွားရေးတိုးတက်မှုမရှိဘဲ စီးပွားရေးဆုတ်ယုတ်ကျဆင်းသည်ဟု သုံးသပ်နိုင်သည်။

ငွေဖောင်းပွမှုနှုန်းကို တွက်ချက်ရာတွင် တွက်ချက်လိုသောလက်ရှိနှစ်နှင့် နှိုင်းယှဉ်လိုသည့် လွန်ခဲ့သောနှစ်အကြား ငွေဖောင်းပွမှုနှုန်းကို တွက်ချက်ခြင်းဖြစ်သည်။

ငွေဖောင်းပွမှုနှုန်းတွက်ချက်သောပုံသေနည်းမှာ

$$\text{ငွေဖောင်းပွမှုနှုန်း} = \frac{\text{လက်ရှိနှစ်၏ ဈေးဆနှုန်းကိန်း} - \text{လွန်ခဲ့သောနှစ်၏ ဈေးဆနှုန်းကိန်း}}{\text{လွန်ခဲ့သောနှစ်၏ ဈေးဆနှုန်းကိန်း}} \times ၁၀၀$$

ဥပမာ ၂၀၁၄ ခုနှစ်နှင့် နှိုင်းယှဉ်၍ ၂၀၁၅ ခုနှစ်ရှိ ငွေဖောင်းပွမှုနှုန်းကိုတွက်ချက်ရာတွင် ၂၀၁၅ ခုနှစ်သည် တွက်ချက်လိုသောလက်ရှိနှစ်ဖြစ်ပြီး ၂၀၁၄ ခုနှစ်သည် နှိုင်းယှဉ်လိုသော လွန်ခဲ့သောနှစ်ဖြစ်သည်။ သို့ဖြစ်၍ ၂၀၁၄ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၂၀၁၅ ခုနှစ်ရှိ ငွေဖောင်းပွမှုနှုန်းမှာ

$$\text{ငွေဖောင်းပွမှုနှုန်း} = \frac{\text{၂၀၁၅ ၏ ဈေးဆနှုန်းကိန်း} - \text{၂၀၁၄ ၏ ဈေးဆနှုန်းကိန်း}}{\text{၂၀၁၄ ၏ ဈေးဆနှုန်းကိန်း}} \times ၁၀၀ \text{ ဖြစ်သည် ။}$$

စာမျက်နှာ ၁၈ သို့ »»»

## Amara Thit Company Limited (Curvy) ၏ Chairwoman ဖြစ်သူ “ ဒေါက်တာချစ်သဥ္ဇာဖူးဝေအတွက် အထူးဝမ်းမြောက်ဂုဏ်ယူခြင်း “

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ (၄) ရက်နေ့ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် (၁/၂၆)အရ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ဖြစ်သော

**“သုဓမ္မသိင်္ဂီ ”**

သုဓမ္မ – ကောင်းမွန်မြင့်မြတ်သော တရား၊ မှန်ကန်သောလမ်းစဉ်
သိင်္ဂီ – ရွှေလို တန်ဖိုးရှိသူ

ဘွဲ့တံဆိပ်ကို ထိုက်ထိုက်တန်တန် ချီးမြှင့်ခြင်းခံရသည့်အတွက် ထပ်တူထပ်မျှ အထူးဂုဏ်ယူဝမ်းသာပီတိဖြစ်ရပါသည်။ နောက်နောင်လည်း သာသနာ့အကျိုး လူမှုအကျိုးတွေကို ပျော်ရွှင်ကျန်းမာစွာဖြင့် ဆတက်ထမ်းပိုးသယ်ပိုးနိုင်ပါစေကြောင်း ဂုဏ်ယူစွာ ဆုတောင်းပေးလိုက်ပါသည်။

**ဝမ်းမြောက်ဂုဏ်ယူခြင်းများစွာဖြင့်**
**ကိုဖြိုးဂုဏ်ရည်အောင် + မချစ်ဟေမာန်ပွင့်ဝေ**

## ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ရန်ကုန်မြို့

**ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် လက်ရှိအသုံးပြုနေသော Smart Intelligent and Surveillance CCTV System အား Maintenance ဆောင်ရွက်ရန်၊ CCTV Camera ၂၄၈ လုံး ထပ်တိုးတပ်ဆင်ရန်နှင့် ထပ်တိုးတပ်ဆင်မည့် ကင်မရာများအား လက်ရှိစနစ်အတွင်းပေါင်းထည့်ကာ ချိတ်ဆက်တပ်ဆင်အသုံးပြုရန် လုပ်ငန်းအပ်နှံခြင်းအတွက် အိတ်ပိတ်တင်ဒါခေါ်ယူခြင်း**

ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် လက်ရှိအသုံးပြုနေသော Smart Intelligent and Surveillance CCTV System အား Maintenance ဆောင်ရွက်ရန်၊ CCTV Camera ၂၄၈ လုံး ထပ်တိုး တပ်ဆင်ရန်နှင့် ထပ်တိုးတပ်ဆင်မည့် ကင်မရာများအား လက်ရှိစနစ်အတွင်း ပေါင်းထည့်ကာ ချိတ်ဆက် တပ်ဆင်အသုံးပြုရန် လုပ်ငန်းအပ်နှံခြင်းအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူတပ်ဆင် အသုံးပြုလိုပါသဖြင့် စိတ်ဝင်စားသူများအနေဖြင့် အဆိုပြုလွှာပုံစံနှင့် စည်းကမ်းချက်တစ်စုံလျှင် ငွေကျပ် ၁၀၀,၀၀၀/– နှုန်းဖြင့် ဂေါပကအဖွဲ့ရုံး၊ တာဝန်မှူးရုံးခန်း ရှေ့တွင် (၁၃–၁–၂၀၂၆) ရက်နေ့မှ (၈–၂–၂၀၂၆) ရက်နေ့အထိ ရုံးချိန်အတွင်း ကိုယ်တိုင် လာရောက် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက ဖုန်းနံပါတ် – ၀၁၈ ၃၇၅၇၆၇၊ ၀၁၈ ၃၇၁၀၈၉ တို့သို့ ဆက်သွယ်၍ စုံစမ်းမေးမြန်းနိုင်ပါသည်။ တင်ဒါဖွင့်ဖောက်မည့် ရက်ကို ပြန်လည် အကြောင်းကြားသွားပါမည်။

**ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့**

## Amara Thit Company Limited (Curvy) ၏ Chairwoman ဖြစ်သူ “ ဒေါက်တာချစ်သဥ္ဇာဖူးဝေ အတွက် အထူးဝမ်းမြောက်ဂုဏ်ယူခြင်း ”

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ (၄) ရက်နေ့ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁/၂၆) အရ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဖြစ်သော **“သုဓမ္မသိင်္ဂီ”** ဘွဲ့တံဆိပ်တော် ချီးမြှင့်ခြင်းခံရသည့် အတွက် မိသားစုနှင့်ထပ်တူ အထူးဝမ်းမြောက် ကြည်နူးဂုဏ်ယူရပါသည်။ ရပ်ရွာအကျိုး၊ သာသနာအကျိုး၊ တိုင်းပြည်အကျိုးကို ဆတက်ထမ်းပိုး ဆက်လက်သယ်ပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**Amara Thit Company Limited (Curvy) မှ ဝန်ထမ်းမိသားစုများ**

## အထူးကြည်ညိုပူဇော်အပ်ပါကြောင်း

၄–၁–၂၀၂၆ ရက်နေ့ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၂၆ ဖြင့် ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့၏ ဩဝါဒါစရိယဘဒ္ဒန္တနာဂိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ ဒွိပိဋကဓရ၊ ဝိနယ+ဒီဃနိကာယပါဠိပါရဂူ၊ ရွှေပြည်သာစာသင်တိုက်၊ အမှတ် (၆/၁၀)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးကို **“အဂ္ဂမဟာပဏ္ဍိတ”** ဘွဲ့တံဆိပ်တော်အား ဆက်ကပ်လှူဒါန်းခဲ့ခြင်းအတွက် ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့အနေဖြင့် အထူး ကြည်ညိုပူဇော်အပ်ပါကြောင်း။

**ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၈၃)၊ မြနန္ဒာလမ်း၊ မြေကွက်အမှတ်(၁၀၁)၊ အကျယ်အဝန်း (အလျား၄၀'x အနံ ၆၀')ရှိ မြေကွက်မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မြေယာဌာနရှိမြေစာရင်းတွင် ဦးမျိုးကြည် အမည်ဖြင့် မှတ်သားတည်ရှိပြီး၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဦးမျိုးကြည် (ISN–၄၁၇၅၂၅) အမည်ဖြင့် ချထားပေးသော(ပါမစ်) မြေကွက်ဖြစ်ပြီး၊ အဆိုပါအကျယ်အဝန်း (၄၀'x၆၀') အနက်မှ အကျယ်အဝန်း(၂၀'x၆၀')၊ မြေကွက်အမှတ် (၁၀၂)နှင့်ကပ်လျက်ရှိသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးသန်းစိုးအောင် [၇/ရတန(နိုင်)၁၀၉၈၃၈] မှ အရောင်းအဝယ် စာချုပ်အဆက်အစပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး တရားဝင်လက်ဝယ်ထားပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်အပြည့်အဝရှိသူ ဦးသန်းစိုးအောင် [၇/ရတန (နိုင်) ၁၀၉၈၃၈] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်မျိုးသူ [၁၂/ဒဂတ (နိုင်)၀၂၈၃၄၀]က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်အား လွှဲပြောင်း ရောင်းချမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက မည်သူမဆို ဤကြေညာပါသည့်ရက်မှစ၍ ( ၇ ) ရက်အတွင်း ကျွန်ုပ်တို့ထံသို့ တရားဝင် ခိုင်လုံသောစာချုပ်စာတမ်း (မူရင်း) အထောက်အထား အပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက သတ်မှတ်နေ့ရက်ကျော်လွန်သည့်အချိန်တွင် အဆိုပါအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီပြီးမြောက်အောင် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်သင်းယုရွှေ (LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၁၃၃၆)**

**ဒေါ်ကေသွယ် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်–၄၈၀၆၉)**

**အမှတ်– ၂၀၄၊ မြိတ်လမ်း၊ (၂၁) ရပ်ကွက်၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်။**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၄၄၃၁၆၈၀၀၃၊ ၀၉–၇၇၃၁၆၈၀၀၃**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ မောရဂီဝါရပ်ကွက်၊ အကွက်အမှတ်(၇၀၃)၊ ဦးပိုင်အမှတ်(၅၈–ဃ)၊ ၃၃x၃၄ကြား၊ ၇၃x၇၄လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးစိန်ဝင်း [၅/မမတ(နိုင်)၀၁၈၀၂၆]၊ ဒေါ်ဝင်းသီ [၉/အမရ (နိုင်) ၀၃၄၁၁၆]၊ ဦးမင်းကြည် [၉/မရမ (နိုင်) ၀၂၅၆၅၄]၊ ဒေါ်မိုမိုဝင်း [၉/မရမ (နိုင်) ၀၂၅၆၄၂]၊ ဦးမျိုးမြင့်ဝင်း [၉/မရမ (နိုင်) ၀၀၂၉၃၈]၊ ဒေါ်ခင်ကေခိုင်ဝင်း [၉/ခအဇ (နိုင်) ၀၁၈၆၉၄]၊ ဒေါ်ခင်မာဝေ [၉/မနမ (နိုင်) ၀၆၈၄၃၆]တို့က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်၊ ပေပင်စမ်းကျေးရွာအုပ်စု၊ ကန်နီကျေးရွာနေ ဦးဝင်းဗိုလ်၏သား မောင်ဝေလင်းနိုင်[၈/မကန(နိုင်)၂၆၀၈၂၆]၏ နိုင်ငံကူးလက်မှတ် အမှတ်(MD–582458)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**၀၉–၉၅၉၂၉၂၀၁၈**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်–၃ရပ်ကွက်၊ အကွက်အမှတ်(င–၃)၊ ဦးပိုင်အမှတ်(၇၅–ခ)၊ ၁၀၈x၁၀၉ကြား၊ ၆၂x၆၄လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်နန်းဝင့်ဝါဦး [၁၃/ကမန (နိုင်) ၀၈၃၂၄၄] ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၄၉၇၇/၂၀၁၅)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်မို့မို့မင်း [၉/မရတ (နိုင်) ၀၀၃၇၁၅]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၆၇)ရပ်ကွက်၊ ကမ်းနားလမ်း၊ Yadanar River View Condo၊ အခန်း (၁၀ ဘီ)၊ အမှတ်(၅၈)၊ အကျယ်အဝန်း (၁၅၂၀)စတုရန်းပေ Condo တိုက်ခန်းနှင့်ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့် အရပ်ရပ်ကို ဦးမောင်သိန်း[၁၂/မဂတ(နိုင်)၀၄၃၃၉၆]က ပိုင်ဆိုင်ရောင်းချခွင့်ရှိပြီး အရှုပ်အရှင်းကင်းကြောင်း ဝန်ခံကတိပြုပြောဆို ရောင်းချသဖြင့် ကျွန်တော် ဦးရဲဝင်းထွန်း [၁၂/သဃက(နိုင်) ၁၅၆၈၆၆]မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ယင်းCondoတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက တိုက်ခန်း အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးရဲဝင်းထွန်း**
**၀၉–၄၅၉၁၅၁၃၉၇**

## အယူခံမှုကိုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်သို့ အကြောင်းကြားစာ (တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၁၄) ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် ၂၀၂၅ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၅၆၃

ဒေါ်သင်းသင်းလတ် နှင့် ၁။ ဦးခင်ကျော် (၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်ဇာခြည်ခင်ကျော်)
၂။ ဦးသူရစိုး
၃။ ဒေါ်စုစုလတ်

**(အယူခံတရားလို)** **(အယူခံတရားပြိုင်များ)**

၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃ ရက်စွဲပါ ဗိုလ်တထောင်ခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်– ၂၂/၂၀၂၄ အမှုတွင် ချမှတ်သောအမိန့်ကို အယူခံမှု။

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ မလိခအိမ်ရာ၊ အခန်း (၂၀၁)၊ အမှတ်–၁၀/၃ နေ အယူခံတရားပြိုင် (၁) ဦးခင်ကျော် (၎င်း၏အခွင့်ရကိုယ်စားလှယ်ဒေါ်ဇာခြည်ခင်ကျော်) (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

ယခုအမှုတွင် ဗိုလ်တထောင်ခရိုင်တရားရုံးတော်မှ ချမှတ်သည့် ဒီကရီကို အယူခံတရားလိုမှ အယူခံမှုတင်သွင်းရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုအယူခံမှုကို ၂၀၂၆ခုနှစ်၊ ဇန်နဝါရီလ(၃၀)ရက် (၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၁၃ ရက်)တွင် ဆိုင်ဆိုရန် ဤရုံးတော်မှချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက် ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူကိုယ်စားလှယ်ဖြစ်စေ၊ ဤရုံးတော်သို့ မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင် ဆုံးဖြတ်လိမ့်မည်။

ထို့အပြင် သင်က အယူခံနိုင်ခွင့်ရှိသော ဤအယူခံမှုတွင် ဒီကရီကို တရားမကျင့်ထုံးဥပဒေ အမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ကန့်ကွက်လိုလျှင် ချိန်းဆိုထားသော အချိန်အတွင်း ဤကဲ့သို့ သင်က ကန့်ကွက်ကြောင်း ဤအယူခံရုံးတော်၌ အကြောင်းကြားအစီရင်ခံစာတင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ (၃၁) ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**( မိုးသင်းအောင် )**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**

## အမည်ပြောင်း

ရှမ်းပြည်နယ် တောင်ပိုင်း၊ တောင်ကြီးခရိုင်၊ ပင်းတယမြို့နယ်၊ လက်လဲရွာနေ (အဖ) ဦးသန်းစိုး[၁၃/ပတယ (နိုင်)၀၅၀၈၆၉] ၏ သမီး မသီတာဆွေအား မမျိုးသီတာဆွေဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မမျိုးသီတာဆွေ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်–၅ ရပ်ကွက်၊ အကွက်အမှတ်(က–၁)၊ ဦးပိုင်အမှတ်–၉၄–ခ/၃၂၊ ၁၁၀x၁၁၁ လမ်းကြား၊ ရှင်ပင်အုံးအင်းလမ်းနှင့် ၇၃လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးအောင်မြတ် [၁၂/ဥကတ(နိုင်)၀၂၃၀၃၉] ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၂၈၈/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်မေသက်နွယ် [၁၃/ကမန(နိုင်)၁၄၈၈၀၅]၊ ဒေါ်ခင်အုန်းမြင့် [၁/ရကန(နိုင်)၀၂၆၆၀၀] တို့က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊မြို့သစ်–၅ရပ်ကွက်၊အကွက်အမှတ်(က–၁)၊ ဦးပိုင်အမှတ် ၉၄–ခ/၃၀၊ ၁၁၀x၁၁၁လမ်းကြား၊ ရှင်ပင်အုံးအင်းလမ်းနှင့် ၇၃လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးအောင်မြတ် [၁၂/ဥကတ(နိုင်) ၀၂၃၀၃၉]၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၁၂၈၈/၂၀၂၃) ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်မေသက်နွယ် [၁၃/ကမန(နိုင်)၁၄၈၈၀၅]၊ ဒေါ်ခင်အုန်းမြင့် [၁/ရကန(နိုင်) ၀၂၆၆၀၀] တို့က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက် အတွင်း ကန့်ကွက် နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်–၅ ရပ်ကွက်၊ အကွက်အမှတ်(က–၁)၊ ဦးပိုင်အမှတ် ၉၄–ခ/၃၁၊ ၁၁၀x၁၁၁လမ်းကြား၊ ရှင်ပင်အုံးအင်းလမ်းနှင့် ၇၃လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးအောင်မြတ် [၁၂/ဥကတ(နိုင်) ၀၂၃၀၃၉]၏ အထူး ကိုယ်စားလှယ်လွှဲစာအမှတ် (၁၂၈၈/၂၀၂၃) ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်မေသက်နွယ် [၁၃/ကမန(နိုင်)၁၄၈၈၀၅]၊ ဒေါ်ခင်အုန်းမြင့် [၁/ရကန(နိုင်) ၀၂၆၆၀၀] တို့က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## အထူးကြည်ညိုပူဇော်အပ်ပါကြောင်း

